mgyoe.com

SAMPLE BOOK

# ခင်သန္တာ


# မှုန်ခင်လေး လှမ်းရစေကောင်

အက် ဆေး နှင့် အ ခြား ရ သ စာ စု များ

mgyoe.com

mgyoe.com

SAMPLE BOOK



အလွမ်းဆိုသည်ကို အမိပ္ပာယ်ဖွင့်ရပါလျှင်
နမြောသောအလွမ်းနှင့် တသသောအလွမ်းဟု ဆိုရပါမည်။
နမြောသည့်အလွမ်းဆိုသည်မှာ လုပ်သင့်သည်ကို မလုပ်ခဲ့မိ၍
အချိန်လွန်မှ နောင်တရသော အလွမ်းကို ဆိုလိုပါသည်။
တသသည့်အလွမ်းကတော့ မိမိလုပ်ပေးခဲ့ဖူးသည့် အဖြစ်အပျက်တို့ကို
နောက်တစ်ကြိမ် ထပ်လုပ်ပေးခွင့် မရတော့သည့်အတွက်
ထိုအဖြစ်အပျက်တို့ကို တမ်းတကာ တသသ လွမ်းနေရသည်ဟု ဆိုချင်ပါသည်။

ဝင်းသူဇာ -
မလွန်ခင်လေးလွမ်းရအောင်
INNWA SYM005
BOOKS MICT
5000 KS

mgyoe.com

COVERDESIGN : NAYMYOSAY

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၀)

## ပုံနှိပ်မှတ်တမ်း



### မလွန်ခင်လေး လွမ်းရအောင်
အက်ဆေးနှင့် အခြားရသစာစုများ

### ခင်သန္တာ

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ

မျက်နှာဖုံးဒီဇိုင်း - နေမျိုးဆေး

အတွင်းဒီဇိုင်း - နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ - ၁၀၀၀

စာအုပ်တန်ဖိုး - ၅၀၀၀ ကျပ်

ထုတ်ဝေသူ - ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)

ပုံနှိပ်သူ - ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - ကိုလတ်စာပေ
အမှတ် ၂၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

ခင်သန္တာ
မလွန်ခင်လေး လွမ်းရအောင် အက်ဆေးနှင့်. . . / ခင်သန္တာ။ ရန်ကုန်။
စာရိပ်မြိုင်စာပေ။ ၂၀၂၂။
စာမျက်နှာ - ၁၅၂၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၀) မလွန်ခင်လေး လွမ်းရအောင် အက်ဆေးနှင့်. . .

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


◆ "မလွန်ခင်လေး လွမ်းရအောင်" အက်ဆေးနှင့်အခြားရသ စာစုများ စုစည်းမှုအတွက် ရေးသူ့အမှတ်တရစကား ၅

၁။ စိတ္တဇနာမ်များ ဒဏ္ဍာရီ ၇

၂။ နှစ်ပတ်လည် အပိုင်းအစများ ၁၇

၃။ အိမ်မက်သူ၏ အိပ်မက်တမ်းချင်း ၂၆

၄။ အချစ်ငှီကာ ၃၇

၅။ ယဉ်ကျေးမှုများ ဒိုင်ယာရီ ၄၃

၆။ အရိုး မတော်ချင်သည့် နေ့စွဲများ ၅၂

၇။ သဲရေကျ ၅၇

၈။ အလွမ်းငှီကာ ၆၃

၉။ လူများသို့ ချဉ်းကပ်ကြည့်ခြင်း ၆၈

၁၀။ နိုင်ငံသားများ ဒိုင်ယာရီ ၇၅


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁၁။ | မရှိခြင်းတို့ရဲ့ နှစ်ပတ်လည် | ၈၆ |
| ၁၂။ | ပျော်ဝင်ခြင်း နိယာမ | ၉၂ |
| ၁၃။ | မလွန်ခင်လေး လွမ်းရအောင် | ၉၇ |
| ၁၄။ | လှျာဖျားပေါ်မှ စာသားများ | ၁၀၃ |
| ၁၅။ | မိန်းမသား အတွေး၊ မိန်းမသား အရေး | ၁၀၈ |
| ၁၆။ | ချစ်ကြပြီ ဆိုရာဝယ် | ၁၁၃ |
| ၁၇။ | ယုံကြည်မှုတို့ စီးမျောခြင်း | ၁၁၈ |
| ၁၈။ | ငယ်ဘဝ လွမ်းချင်း | ၁၂၄ |
| ၁၉။ | ယိုင်ထွက်ခဲ့တဲ့ ရင်ခုန်သံ စည်းချက် | ၁၂၉ |
| ၂၀။ | ချစ်သမီးနဲ့ စကားစမြည် | ၁၃၆ |
| ♦ | စာရေးသူ၏ ကိုယ်ရေးအကျဉ်း | ၁၅၂ |


mgyoe.com

mgyoe.com SAMPLE BOOK

## “မလွန်ခင်လေး လွမ်းရအောင်”အက်ဆေးနှင့် အခြားရသစာစုများ စုစည်းမှုအတွက် ရေးသူ့ အမှတ်တရစကား

စာရေးသူတစ်ယောက်၏ မှတ်တိုင်အဖြစ် စာပေပုံစံမျိုးစုံ စုစည်းမှု စာအုပ် ထုတ်ဖူးချင်ခဲ့မိသည်။ စိတ်ကူးအတိုင်းပင် ဆောင်းပါးစုစည်းမှု၊ ကဗျာအပိုင်းအစ စာအုပ်၊ ဝတ္ထုတိုစုစည်းမှု၊ ဝတ္ထုရှည်စုစည်းမှုနှင့် လုံးချင်းစာအုပ်တို့ ထုတ်ဝေခဲ့ဖူးပြီ။ အက်ဆေးစုစည်းမှုကိုတော့ တစ်ကြိမ်မှ မထုတ်ဖူးသေး။ အက်ဆေး အရေးနည်းသူမို့ စုစည်းမှု စာအုပ်ထုတ်ဖို့ မဝံ့မရဲ ဖြစ်နေခြင်း ပါ,ပါသည်။

“စာရိပ်မြိုင်” အတွက် စာမူပေးဖို့ ဖြစ်လာတော့ အက်ဆေးစုစည်းမှု လေး ထုတ်ချင်သည်ဟု ဆန္ဒပြုမိသည်။ ထုတ်ဝေသူ မောင်လေး ပြည့်အာကာ က လိုလိုလားလားပင် သဘောတူ လက်ခံပေးသည့်အတွက် ကျေးဇူးတင် ရပါသည်။

စာရေး မကျွဲတတ်သူ ကျွန်မ၊ ယခု ကာလများတွင်တော့ ရပ်တန့် မတတ်ပင် ဖြစ်ခဲ့ရသည်။ စာရေးသက် ဆယ့်ငါးနှစ်အတွင်း ဖော်ပြပါရှိဖူးသည့် အက်ဆေးအရေအတွက်က အခြားစာမူများလို မများလှ။ သို့အတွက်ကြောင့် အသစ် လေး,ငါးပုဒ်ခန့် ထပ်ဖြည့် ရေးပေးမည်ဟု ထုတ်ဝေသူအား ကတိ ပေးပြီးခဲ့သည်မှာ နှစ်ပတ်လည်ပင် တိုင်တော့မည်။

mgyoe.com

mgyoe.com SAMPLE BOOK

အက်ဆေး သီးသန့်စုစည်းမှုဟု မဆိုနိုင်သည့် အက်ဆေးနှင့် အခြား ရသစာစုများအတွက် စိတ်ရှည်စောင့်ဆိုင်း ထုတ်ဝေပေးပါသော မောင်လေး ပြည့်အာကာနှင့် မကြည်မသာ ကာလများကြားမှ စာရေးသူ ရေးသမျှ အားပေး ဖတ်ရှုပေးကြပါသော စာဖတ်သူများအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးမှတ်တမ်း တင်ပါရစေ။

ကြည်သာ ချမ်းမြ ရှိကြပါစေ။

*လေးစား ချစ်ခင်လျက်. . .*

ခင်သန္တာ

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# စိတ္တဇနာမ်များ ဒဿာရီ

၁။

များပြားလှသည့် သော့ခလောက်များ ချိတ်ဆွဲထားခံရသည့် တံတား ကြီးကို ကြည့်ရင်း ကိုယ့်မှာ အံ့သြနေမိရသည်။ အရောင်အသွေးစုံ၊ ဒီဇိုင်းစုံ၊ အရွယ်စုံ သော့ခလောက်လေးများက နှစ်ခုတွဲ တစ်စုံ၊ လည်ချင်း ယှက်ပြီး ဖက်ထားကြသယောင်။ အချစ်၏ သင်္ကေတတဲ့လား။

❑

သည်နိုင်ငံရှိ သည်တံတားလေးကို ရောက်လာခွင့်ရကြသည့် ချစ်သူ စုံတွဲတိုင်း လုပ်လေ့ရှိကြသည်။ သူတို့၏ချစ်ခြင်း ခိုင်မာ မြဲမြဲစေရန် သော့ ခလောက်လေး နှစ်ခုကို အပြီးခတ်ပြီး တံတားရှိ လက်ရန်းများ၊ သံတိုင်များ ဖြင့် တွဲချည် ခတ်ထားကြသည်။ ပြီးနောက် တံတားအောက်ရှိ တူးမြောင်းလေး ထဲသို့ သော့တံကို လွှင့်ပစ်လိုက်ကြသည်။ သော့တံကို အပြီးပိုင် ဖျောက်ဖျက် ပစ်လိုက်သည့်အတွက်ကြောင့် သော့ခလောက်လေးများကို ပြန်ဖွင့်လို့ မရ တော့။ သည်သို့ဆိုလျှင် သော့ခလောက် ပိုင်ရှင်နှစ်ဦး၏ ချစ်ခြင်းမေတ္တာသည် မပျောက်မပျက် တစ်သက်တာ တည်မြဲနေကြလိမ့်မည်။ ထိုသို့ ယုံကြည်ကြ သည့်အတွက် တံတားကြီးတစ်ခုလုံး သော့ခလောက်များနှင့် ပြည့်နှက်နေ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ထိုတံတားလေးကို အချစ်တံတားဟု သူတို့နိုင်ငံက ချစ်စနိုး ခေါ်ဝေါ်ကြသည်။

တံတားပေါ်တွင် အမှတ်တရ ဓာတ်ပုံရိုက်ရင်း၊ အခြားတစ်ဘက်တွင် တံတားဟောင်းလေး တစ်စင်းကို တွေ့လိုက်ရသည်။ မေးကြည့်မိမှ သိရသည်မှာ ယခင်တံတားဟောင်းလေးသည် သော့ခလောက်များ၏ အလေးချိန်ကို မခံနိုင်တော့သဖြင့် ကျိုးကျသွားခဲ့ရခြင်း ဖြစ်သည်။ကိုယ် ရပ်နေသည့် တံတားက အသစ် တည်ဆောက်ထားသည့် တံတားသစ်ကြီး ဖြစ်နေသည်။ တံတားဟောင်းနှင့်အတူ သော့ခလောက်လေးများ ပါသွားခဲ့ရပြီ။ ချစ်ခြင်းတရား ခိုင်မြဲ မမြဲ အသေအချာ မသိသော်လည်း တံတားကတော့ မခိုင်မြဲဘဲ ကျိုးကျခဲ့လေပြီ။

- ချစ်ခြင်းတရားကို သော့ခတ်ထားလို့ ရပါသည်လား။
- ချစ်ခြင်းတရားကို စာချုပ်ဖြင့် နှောင်တည်းလို့ ရပါသည်လား။
- ချစ်ခြင်းတရားကို ရင်သွေးများ ကြားခံ မြဲမြဲအောင်ရော လုပ်လို့ ရပါသည်လား။
- ချစ်ခြင်းတရား ဟူသည် အချုပ်နှောင်ခံ စိတ္တဇ နာမ်များလား။

အတွေးတစ်စ ကိုယ်ပွားဖူးခဲ့ရသည်။

ပါရီကို ရောက်ခဲ့စဉ် အချိန်များဆီက. . . ။

❑

## ၂။

ကားလမ်းဘေးတစ်လျှောက် ရောင်းသူမဲ့ ဆိုင်ခန်းများကို ကြည့်ရင်း၊ ထိုက်သင့်သည့် အဖိုးအခ ထားခဲ့ကြပါရဲ့လားဟု ယောင်နန အတွေးဝင်လာမိသည်။ ပြီးမှ ဖတ်ခဲ့ဖူးသည့်သတင်းများက ကိုယ့်အသိကို ပြန်နိုးဆွလာကြသည်။ ဘာသာရေး မကြီးစိုးသည့် ထိုနိုင်ငံများတွင် ရာဇဝတ်မှု ရှားလာသဖြင့် အကျဉ်းထောင်များကို ပိတ်ပစ်လိုက်ကြသည်။ ကမ္ဘာ့ အလုံခြုံဆုံး နိုင်ငံဟု တင်စား ခေါ်ဝေါ်ကြသည်။ အကျဉ်းထောင်များတွင် ထောင်ချစရာ အကျဉ်းသားများ မရှိသလောက် နည်းပါးလာသည့်အခါ အကျဉ်းထောင် ထိန်းသိမ်းစရိတ်နှင့် ဝန်ထမ်းစရိတ်များအတွက် အပိုကုန်ကျသဖြင့် ထောင်

mgyoe.com

mgyoe.com SAMPLE BOOK

များကို ပိတ်ပစ်ရန် ဆုံးဖြတ်လိုက်ကြခြင်း ဖြစ်သည်။ သတင်းဖတ်နေသည့် ကိုယ့်မျက်လုံးတို့၏အမြင်ကို ကိုယ့်ဦးနှောက်က မယုံချင်သလို ဖြစ်ရသည်။

ထိုနိုင်ငံတွင် မူးယစ်ဆေး အပျော့စားများကို တရားဝင် သုံးခွင့်ပြုထားသည်။ အပြင်းစားများကိုတော့ တားမြစ်ထားသည်။ တရားမဝင် မူးယစ်ဆေး သုံးစွဲသူများကို ထောင်ဒဏ်မပေးဘဲ ဆေးဖြတ်ကုသဆောင်များသို့ ပို့ပေးကြသည်။ ပြစ်မှုကျူးလွန်ထားသူများကို ခြေရာခံစက် တပ်ပေးခြင်းဖြင့် ရာဇဝတ်မှုကို လျော့ကျစေခဲ့သည်။ ထိုနိုင်ငံရှိ နိုင်ငံသား အများစုကို ငါးပါးသီလအကြောင်း မေးကြည့်လျှင် ကြားဖူးကြပါမည်လား၊ ကိုယ် စိတ်ဝင်စားသည်။ နိုင်ငံသား တစ်ဦးချင်းစီ၏ ပညာတတ်မြောက်မှုနှင့် ဆင်ခြင်တုံတရားမြင့်မားခြင်းတို့က ဒုစရိုက်များကို လျော့ပါးစေရသည်လား။

ထိုနိုင်ငံလေး၏ ရှုခင်းအလှ၊ အနုပညာ လက်ရာများနှင့်အတူ နိုင်ငံသားတို့၏ စိတ်ဓာတ်ကိုလည်း ကိုယ်ချစ်မိသည်။

ငြိမ်းအေး လွတ်မြောက်ရာတို့အတွက် ဘာသာတရားကို ကိုးကွယ်ယုံကြည်ကြသည်။ သို့သော်လည်း ဘာသာတစ်ခု ခေါင်းစဉ်အောက်မှ အမုန်းတရားများ ဖြန့်ဝေနေသည်ကို ကြားသိ၊ မြင်တွေ့ရသည့်အခါ၊ ရင်ထဲမှ ရန်လိုမုန်းတီးစိတ်များအတွက် ဘာသာရေးဆိုသည်ကို အကာကွယ်ယူ မှိုင်းတိုက်ခြင်းလေလားဟု အကြိမ်ကြိမ် သံသယပွားမိရသည်။ "သံသယ ဖြစ်ထိုက်တဲ့ကိစ္စကို သံသယဖြစ်တာဟာ ဉာဏ်ရှိလို့ပါ" ဆိုသည့် ဆရာတော်ဦးဇောတိက၏ အဆိုအမိန့်အောက်သို့ ကိုယ်ကတော့ ခေါင်းထိုး ခံကြည့်လိုက်သည်။

နေ့စဉ် ကြားနေရသည့် ဘုရားရှိခိုး အမျှဝေသံများ၊ ငါးပါးသီလခံယူသံများကြား ဒုစရိုက်မှုများ လျော့ပါးမလာသည်က ထူးဆန်းနေသလို ကိုယ်တို့နိုင်ငံသည် ကမ္ဘာပေါ်တွင် မေတ္တာပို့သံ မပြတ်ဆုံး နိုင်ငံ ဖြစ်လိမ့်မည်ထင်သည်။ သို့သော်လည်း ပို့သသည့် မေတ္တာသံများက ပြည်တွင်းစစ်ဆီသို့ မရောက်၊ အမုန်းတရားများသာ တိုးပွားလာရင်း ငြိမ်းချမ်းရေးသည် ဒူဝေဝေဇာတ်လမ်းတွဲအဖြစ် အခန်းဆက် ကပြလျက်။

- ♦ အမုန်းတရားကို မေတ္တာပို့ ဟန့်တားလို့ ရပါသည်လား။
- ♦ အမုန်းတရားကို ဘာသာရေးအဆုံးအမဖြင့် ရပ်တန့်နိုင်ပါသည်လား။

mgyoe.com

mgyoe.com SAMPLE BOOK

♦ အမုန်းတရားကို ဥပဒေဖြင့် ထိန်းချုပ် နိုင်ပါသည်လား။
♦ အမုန်းတရား ဟူသည် ဖိနှိပ်ခံ စိတ္တဇ နာမ်များလား။
အတွေးတစ်စ ကိုယ်ပွားဖူးခဲ့ရသည်။
နယ်သာလန် နေ့စွဲဆီများက. . .။

❑

၃။

အဝေးမှ လှမ်းကြည့်စဉ်က အုတ်ပုံ အပိုင်းအစများကို ဖြစ်သလို စွန့်ပစ်ထားသည်ဟု ထင်မိသည်။ အနီးသို့ရောက်သောအခါမှ ပျက်စီးနေသည့် အုတ်ပုံများကို စနစ်တကျ ပုံထားကြောင်း တွေ့ရသည်။ ဘုရားဆင်းတုတော်များ၊ အုတ်မြို့ရိုးများ၊ စေတီပုထိုးများနှင့် လောကနတ်ရုပ်တုများ ဖြစ်သည်။ ဆင်းတုတော်အချို့၏ မျက်နှာတော်များကို ညောင်မြစ်များက မြိုထားကြသည်။ ခရီးသွားတို့သည် ညောင်မြစ်များကြားမှ မျက်နှာတော်ကို ရအောင် ဖူးမြော်နေကြသည်။ ကိုယ်တို့ ရှင်ဘုရင်သည်၊ ရန်သူနယ်မြေအတွင်း တိုက်ခိုက်ကြရင်း မြို့ရိုး၊ စေတီပုထိုးတို့ကို ဖျက်ဆီးပစ်ခဲ့သည်ဟု သူတို့ဘက်က အမြင်ရှိကြသည်။ ကိုယ့်တို့ဘက်အတွေးမှာတော့ တိုက်ခိုက်ကြရင်း ပျက်စီးသွားတာ ဖြစ်နိုင်သည်ဟု ထင်ပါသည်။

အပျက်အစီး အုတ်ပုံများကို ပြသထားခြင်းမှာ ခံခဲ့ရသည့် သူတို့သမိုင်းကို မေ့မပစ်စေရန်နှင့် ရန်သူနိုင်ငံအား နောက်ဘယ်တော့မှ ထပ်အရှုံးမပေးရစေရန် ဖြစ်သည်။ သူတို့၏ စိတ်ရန်ငြိုးမှသည် တိုးတက်သည့်ဘက်ကို ဦးတည်လာကြသည်လား မသိ။ ယနေ့ချိန်ခါတွင် ကိုယ်တို့သည် သူတို့နိုင်ငံကို ဘယ်နေရာမှ လိုက်မမီနိုင်အောင် ဖြစ်နေရသည်။ သူတို့ဆီမှ ကုန်ပစ္စည်းများကို အလေးတယူ အသုံးပြုနေရသည်။ ကိုယ့်ကျန်းမာရေး စောင့်ရှောက်မှုအတွက် သူတို့နိုင်ငံမှာသာ စိတ်ချ ယုံကြည်စိတ် ဖြစ်ပေါ်ရသည်။

ကိုယ်တို့တိုင်းပြည်တွင် ကျင်းပခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲတွင် ကိုယ်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ခွင့်ရခဲ့သည်။ ဘောလုံးပွဲများ၊ ကာယဗလပြိုင်ပွဲများ၊ ကြက်တောင်ရိုက်ပွဲများတွင် နောက်ဆုံးဗိုလ်လုပွဲ၌ သူတို့အားကစားသမားများနှင့် ထိပ်တိုက် တွေ့ရတိုင်း ကိုယ်တို့ ရှုံးနိမ့်ခဲ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အထူးသဖြင့် ဘောလုံးပွဲများဆိုလျှင် ချစ်ကြည်ရေးပွဲပင် ဖြစ်ပါစေ၊ မကန်ရသေးမီကပင် သူတို့နိုင်ငံနှင့်တွေ့လျှင် နိုင်ပါ့မည်လားဆိုသည့် စိုးထိတ်စိတ်က ကိုယ်တို့နိုင်ငံသားများ၏ စိတ်တွင် စွဲမြဲလာတော့သည်။

သူတို့နိုင်ငံတွင် အခြေကျနေထိုင်သည့် ကိုယ်တို့နိုင်ငံသား တစ်ယောက်၏ ရင်ဖွင့်သံက အားလျော့စရာ ကောင်းလှသည်။

"ဘယ်လို လုပ်လုပ် ကျွန်တော်တို့တွေ သူတို့ကို မမီနိုင်တော့ဘူး ထင်ပါရဲ့ဗျာ"

သူ့စကားသံများကြား ကိုယ်ပါ လိုက်ပါ အားလျော့ခဲ့ရသည်။

- ♦ အငြိုးတရားများသည် တိုးတက်သည့်ဘက်ကို တွန်းပို့နိုင်ပါသည်လား။
- ♦ အငြိုးတရားများသည် ကြိုးစားအားထုတ်လိုစိတ်ကို ပေါ်ပေါက်စေသည်လား။
- ♦ အငြိုးတရား ဆိုသည်မှာ သိုထားရမည့် စိတ္တဇ နာမ်များလား။

အတွေးတစ်စ ကိုယ်ပွားဖူးခဲ့ရသည်။

အယုဒ္ဓယ နေ့စွဲဆီများက. . .။

❑

၄။

သည်နေရာကို ရောက်ခဲ့ရသည်မှာ စိတ်ဝင်စားလွန်း၍ ဖြစ်သော်လည်း ရောက်သွားသည့်အချိန်တွင် မြင်ကွင်းနှင့် အဖြစ်အပျက်တို့က ကိုယ့်စိတ်ကို ညှိုးချုံးစေသည်။ ဖတ်ထားဖူးသည့် သမိုင်းစာများ၊ ကြည့်ထားဖူးသည့် ရုပ်ရှင်များ၊ ကြားထားဖူးသည့် ပါးစပ်ရာဇဝင်များသည် ချဲ့ကားရေး၊ ဆိုရိုက်ကူးထားကြလေသလားဟု လျှော့တွေးခဲ့မိသည်။ Killing Fields ဟူသည့် အခေါ်အဝေါ်သည် တိကျလွန်းလေစွ။

ဂျူးများကို နာဇီတို့က လူမျိုးတုံး သုတ်သင်ခဲ့ကြသည်။ သူတို့သည်သာ မြင့်မြတ်သော အာရိယာန်မျိုးနွယ်များအဖြစ် ယူဆကာ အခြားတစ်ပါးသော လူမျိုးများကို ယုတ်ညံ့သည်ဟု တံဆိပ်ကပ်ကာ သတ်ဖြတ်ကြခြင်းဖြစ်သည်။ ထို့အတူ တူရကီတို့သည် အာမေးနီးယန်းများကို လူမျိုးသုဉ်း

mgyoe.com

mgyoe.com SAMPLE BOOK

သတ်ဖြတ်ခဲ့စဉ်က မိမိတို့နှင့် မတူခြားနားသောသူများ မရှိစေလို၍ သတ်ဖြတ်ကြခြင်း ဖြစ်သည်။

ယခုတော့ ခမာကို ခမာချင်း မျိုးနွယ်တူ သတ်ဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ လူကို လူချင်း ပြီးတော့ အမျိုးနွယ်တူခြင်း ထိုမျှထိ ရက်စက်နိုင်သည်မှာ ဘာ့အတွက်ရယ်ကြောင့်များပါလိမ့်ဟု တွေးကြည့်ဖူးသည်။ သုံးနှစ်ရှစ်လနှင့် ရက်နှစ်ဆယ်အတွင်း လူပေါင်း သုံးသန်းကျော်ကို သုတ်သင် သတ်ဖြတ်ပစ်ခဲ့သည်။

အရာရာ တန်းတူညီမှ မျှသည်တဲ့လား။ တရားမျှတဖို့အတွက် အရာရာကို ဇီးရိုးကစတင်ကာ စရသည်တဲ့လား။ ဆူကြံနိမ့်မြင့် ကင်းသည့် လူတန်းစားမဲ့ လူအဖွဲ့အစည်း ထူထောင်ရန် သုညနှစ်ကာလအဖြစ် သတ်မှတ်လိုက်ကြသည်။ ကျောင်းဆရာ၊ စာရေးဆရာ၊ အင်ဂျင်နီယာ၊ ဆရာဝန်၊ ပန်းချီဆရာ၊ အဆိုတော်၊ အကတော်သူများ။ သူတစ်ပါးထက် အတွေးအခေါ် ဉာဏ်ရည်ပိုထက်မြက်နေကြသူများ။ ယုတ်စွအဆုံး စကားပြောကောင်းသူနှင့် မျက်မှန်တပ်ဆင်သူများပါမကျန် အခွင့်ထူးခံ လူတန်းစားတစ်ရပ်ဖြင့် သတ်မှတ်ကာ စစ်ဆေးပြီး သုတ်သင် သတ်ဖြတ်ကြသည်။

စံပြ ကွန်မြူနစ် လူ့အဖွဲ့အစည်း တည်ထောင်ရန်အတွက် လူဟောင်းနှင့် လူသစ် တိုက်ပွဲတွင် မျက်မှန်တပ်ဆင်ထားသူများသည် လူဟောင်း ဖြစ်ရလေသည်။ မြေကြီးပေါ်တွင် စပါးမစိုက်သူ၊ မွေးမြူရေး မလုပ်သူ၊ မြို့ပေါ်တွင် နေထိုင်သူ မှန်သမျှ ဖောက်ပြန်သူများ ဖြစ်ကြသည်။ ခမာပြည်သူ့နိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် ဖောက်ပြန်သောသူတို့၏ မျိုးဆက် သားသမီးငယ်များပါ အလိုမရှိ။ မည်သည့်ကျည်ဆန်မှ မလို၊ ပိုက်ဆံ အပိုကုန်ရန် မလို။ လူသတ်ကွင်းထဲရှိ သစ်ပင်များဖြင့် ဦးခေါင်းများကို တစ်ခေါင်းပြီး တစ်ခေါင်း လွှဲရိုက်ကာ သတ်ကြသည်။ ပြီးနောက် အနီးရှိ အသင့်တူးထားသည့် တွင်းထဲသို့ ပစ်ချလိုက်ကြသည်။

လူတန်းစား ကွာဟမှု ဆိုသည်မှာ ရှိကို ရှိရမည့် အရာဖြစ်သည်ဟု လက်ခံထားပါသည်။ မည်သည့်တိုင်းပြည် နိုင်ငံတွင်မဆို လူတန်းစား ကွာဟမှုကို ညှိယူ၍ မရသေး။ နောင် ဘယ်တော့မှလည်း ရနိုင်မည် မဟုတ်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်ထင်ပါသည်။ ထိုသို့ ကွာဟမှုကို ညှိယူစရာလည်း မလို။ အပြန်အလှန် ကိုယ်ချင်းစာပေးနိုင်လျှင် လုံလောက်ပါပြီ။ လူတန်းစား ကွာဟမှု၏ အနိမ့်အမြင့်သည် ဘယ်လောက်ပဲ ဝေးလွန်းနေပါစေ၊ ထိုလူတန်းစားများ၏ ဆက်သွယ်ချက်သည် တစ်နည်းမဟုတ် တစ်နည်းဖြင့် ပတ်သက်နေရပါမည်။မည့်သည့် လူအဖွဲ့အစည်းတွင်မဆို လူတန်းစား တစ်ရပ်တည်းဖြင့် ရပ်တည်၍ မရနိုင်ပါ။ ဒါသည် ကိုယ့်အမြင်၊ ကိုယ့်အတွေး။

သို့သော်. . . ။

တစ်လွှာတည်းသော လူတန်းစားရှိရေး စီမံချက်ဖြင့် ပိုပေါ့၏ သုညနှစ်များဆီကတော့ ထိုသို့မဟုတ်။

သူတို့၏ကမ္ဘာကို သုညနှစ်အဖြစ် အသစ်က ပြန်စခဲ့သည့် စီမံချက်သည် အောင်မြင်ပျော်ရွှင်ခဲ့ပါရဲ့လား။

နောက်ဆုံးတွင် ခမာနိုင်ငံတော် တစ်ခုလုံး ပျက်ပြုန်း ဆိတ်သုဉ်းကာ သုညအမှတ်သို့ ထိုးဆင်းသွားခဲ့ရလေသည်။

သာတူညီမျှရှိရေးသည် လူ့အဖွဲ့အစည်းအတွက် အမှန်တကယ် အသုံးဝင်ပါရဲ့လား. . . ။

မဝံ့မရဲ အတွေး ကိုယ် မကြာမကြာ တွေးဖူးသည်။

ဆီယမ်ရိရောက်စဉ်က ကိုယ့်အတွေးစများ။

❑

၅။

**Security Office -21 ( S-21 )**

သည်နေရာတွင် စစ်မေးသည့်မေးခွန်းအတွက် အဖြေသည် တစ်မျိုးတည်း ဖြေဆိုရန်သာ။ CIA လား၊ KGB လား ဆိုသည့် အဖြေတစ်ခုပဲ သိလိုသည်။ အမေရိကန်ထောက်လှမ်းရေးတို့၊ ရုရှားထောက်လှမ်းရေးတို့နှင့် ပတ်သက်နေသလားဟု မေးခြင်းဖြစ်သည်။ စစ်ဆေး မေးမြန်းသည့်နေရာ S-21 သည် တစ်ချိန်က စာသင်ကျောင်းဖြစ်သည်။ စာသင်ခန်းအားလုံးသည် စစ်ကြောမေးမြန်းရာ အခန်းဖြစ်ကုန်သည်။ ရေဖြင့် ညှဉ်းဆဲသည့်အခန်း၊ မျက်နှာ

mgyoe.com

mgyoe.com SAMPLE BOOK

ကြက်တွင် ကြိုးကို စက်သီးဖြင့် တပ်ကာ လူကို ဇောက်ထိုးဆွဲထားပြီး ကြမ်းပြင်ပေါ် ရှိ ရေတိုင်ကီ အပြတ်ထဲက ရေတွင်နှစ်ကာ စစ်ဆေး မေးမြန်းကြသည်။ ညှဉ်းပန်းနှိပ်စက်ခံရသည့်အထဲတွင် ပညာတတ် အမျိုးသမီးများလည်းပါသည်။

သူတို့တွင် အပြစ်ရှိကြောင်း ဝန်ခံစေဖို့ရာ စစ်ဆေးမေးမြန်းသည့်အခါတွင် နုနယ်လှသည့် သားမြတ်ထိပ်ဖျားလေးများကို ပလာယာဖြင့် ညှပ်ပြီး မေးမြန်းကြသည်။ အဝတ်ဗလာ ဖြစ်နေသည့် အမျိုးသမီးကို သံခုတင်ပေါ်တွင် ပက်လက်လှန်ကာ၊ သူ၏ခြေတို့ကို ခုတင်နှင့်တွဲလျက် သံခြေချင်း ခတ်ပစ်လိုက်သည်။ လက်တို့ကို လက်မြှောက်လျက် အနေအထားဖြင့် လက်ထိပ်ခတ်သည်။ သားမြတ်ထိပ်ဖျားကို ပလာယာဖြင့် တစ်ပတ်လိမ်လိုက် စစ်ဆေးမေးမြန်းလိုက် လုပ်ကြသည်တဲ့။

ထိုအချင်းအရာတို့ကို ဖတ်မိသည့်အချိန်က ကိုယ့်ရင်အုံနှစ်ဖက်ကို ထွေးပွေ့ထားရင် စာနာမျက်ရည် ကျဖူးခဲ့သည်။ ညှပ်သည့် အကြိမ်အရေအတွက် များလာသည့်အခါတွင် သားမြတ်ထိပ်ကလေး ပြတ်ထွက်သွားတော့သည်။ ထိုအချိန်ထိ အဖြေပေး ဝန်ခံခြင်း မရှိသေးပါက သွေးစက်လက်ရင်အုံပေါ်သို့ ကင်းမြီးကောက်များကို ချပေးလိုက်သည်။ ထိုအမျိုးသမီးတို့၏ အော်သံများက ကိုယ့်နားစည်ထိ လာရိုက်ခတ်ဖူးခဲ့သလို ခံစားရသည်။ အဆိုးဆုံးနှင့် နောက်ဆုံးအဆင့်ကတော့ဖြင့် အမျိုးသမီးတို့၏ အင်္ဂါစပ်ထဲသို့ ကင်းမြီးကောက်များ ထည့်ပေးလိုက်ခြင်း ဖြစ်သည်။ S-21 တွင် အော်သံများသည် အဘယ်မျှ ညံနေခဲ့ပါလိမ့်။

ညှဉ်းပန်း နှိပ်စက်မှုများကို မခံနိုင်သည့်အဆုံး ဝန်ခံအဖြေစကားပေးသည့်အချိန်တွင် အပြစ်ထင်ရှားကြောင်း အမှုဖြင့် သုတ်သင် သတ်ဖြတ်လိုက်ကြတော့သည်။ ထိုအဖြစ်အပျက်တို့သည် အမှန် ဟုတ်၊ မဟုတ် ဒေသခံတိုးဂိုက်ထံ ကိုယ် စုံစမ်းမေးမြန်းမှု လုပ်လိုက်မိသည်။ သူက ရှက်ရွံ့သည့်ဟန်ဖြင့် အမှန်တွေပါဟု ခေါင်းညိတ် အဖြေပေးသည့်အခါ ကိုယ့်ရင်တစ်ခုလုံး ဟင်းလင်း ပွင့်သွားရတော့သည်။

၁၉၇၅ မှ ၁၉၇၉ အတွင်း ခမာနီကြီး ခေတ်ထဲတွင် ချစ်ခြင်းမေတ္တာနှင့် ထိမ်းမြားခြင်းတို့သည် အံ့သြစရာ ကောင်းလှသည်။ အနုပညာ ပါးရှား

mgyoe.com

mgyoe.com
SAMPLE BOOK

လှသည့်အတွက် ချစ်ခြင်းသည်လည်း ပျောက်ကွယ်နေရတော့သည်။ ခမာနီ တာဝန်ရှိသူတို့က နေရာအနှံ့ရှိ လူပျို၊ အပျိုနှင့် လူလွတ်တို့၏ အမည်စာရင်း များကို ပြုစုသည်။ ထို့နောက် လူစာရင်းကို ကြည့်ကာ ဘယ်သူနှင့် ဘယ်သူ ယူဟူ၍ တွဲစပ် စာရင်းကို ထုတ်ပြန်ပေးလိုက်သည်။ ကိုယ်တို့ငယ်စဉ်က ဖြေဆိုခဲ့ဖူးသည့် အေဘီ နှစ်ဖက်ခြမ်းကို သင့်တော်သည့်အဖြေအတွက် မျဉ်း ဆွဲပေးရသည့်အတိုင်းပင်။ တစ်ဦးနှင့် တစ်ဦးတို့သည် လက်ထပ်သည့် အချိန် ကျမှသာ မြင်တွေ့ဖူးကြသည်။ ချစ်ရည်ရွှန်းလဲ့သည့် မျက်ဝန်းများ၊ ရင်ခုန် တိမ်းမူး သာယာဖူးသည့် အချစ်နေ့စွဲများ၊ ဖိုးသိုး ဖတ်သပ် အိပ်မရသည့် ဇာတ်နာညများ သူတို့ မသိ၊ မခံစားဖူးခဲ့ကြပါလား။

အမျိုးသားတစ်ဦးသည် လက်ထပ်သည့်နေ့တွင် ဝတ်စုံအနက် တစ်စုံ၊ လည်စည်းတစ်ခုနှင့် အစားအစာ အနည်းငယ် ရမည်၊ ပြီးလျှင် ကျမ်းသစ္စာ ကျိန်ရသည်က တစ်နှစ်ကို တစ်ယောက် ကလေးမွေးပါမည်ဟု ဖြစ်သည်။ အမျိုးသမီးများအတွက် အချစ်သီချင်း၊ အချစ်ကဗျာ၊ အချစ်စာလွှာလေးများ မြင်တွေ့ဖူးစရာမလို။ မွေးဖွားလာမည့် ကိုယ့်ရင်သွေးကို ခမာတိုင်းပြည် တော်လှန်ရေးအတွက် ပေးဆပ်လိုက်ရုံသာ ဖြစ်သည်။ အချစ်နတ္ထိ၊ တိရစ္ဆာန် များ သားဖောက်သည့်နှယ် ရှိလိုက်ပါဘိလို့သာ ကိုယ် တွေးနေမိတော့သည်။

အစစအရာ နိမ့်ပါးလှသည်ဟု ကိုယ်ထင်နေသည့် သူတို့တိုင်းပြည် ၏ ဂျီဒီပီ ကိန်းညွှန်းသည် ကိုယ်တို့တိုင်းပြည်ထက် သာသည်ဟု သိလိုက်ရ သည့်အခါ မနာလိုအားက ကြီးစိုးလာသည်။ သို့သော် သူတို့တွင် လူဦးရေ နည်းပါးပြီး ပြည်ပမှ ရင်းနှီးမြှုပ်နှံမှု များနေသောကြောင့် ဖြစ်သည်။ သူတို့ တွင်လည်း လူထုတင်မြှောက်လိုသည့် လူတစ်ဦး ရှိနေပြီး ထိုသူသည် နေအိမ် အကျယ်ချုပ် ချထားခြင်း ခံရသည်ဟု သိခဲ့ရသည်။ ရွေးကောက်ပွဲ ပုံမှန် ကျင်းပသော်လည်း နှစ်ပေါင်း လေးဆယ်ကျော်အတွင်း ပါတီတစ်ခုတည်း၏ ခေါင်းဆောင်တစ်ဦးတည်းသာ အုပ်ချုပ်ခံနေရသည့် ပြည်သူများကိုတော့ စာနာသနားစိတ် ပေါ်ပေါက်ရသည်။ စီယမ်ရိမြို့ကို ကိုယ့်တို့၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ကြွရောက်ခဲ့စဉ်က မြို့လုံးကျွတ် ကြိုဆိုခဲ့ကြသည်ဟု ဒေသခံ တိုးဂိုက် က ရှင်းပြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့ ကြုံဆိုခြင်းကို ချစ်ခင် ကြည်ညိုရုံ့ သက်သက်လားဟု ဆိုသည့် ကိုယ့်အမေးကို သူက-

"အတိတ်နိမိတ်ယူတာလေ၊ မင်းတို့လူထုခေါင်းဆောင်လည်း တစ်ချိန်က အကျယ်ချုပ် ကျဖူးခဲ့တာပဲ။ အခု သူလွတ်လာပြီး ဦးဆောင်နေတော့ မင်းတို့တိုင်းပြည်ကို ကမ္ဘာက သိလာတယ်၊ တိုးတက်ပြောင်းလဲမှုတွေကို စမြင်နေရပြီလေ။ ငါတို့ လူထုခေါင်းဆောင်သာ လွတ်လာခဲ့ရင်လည်း မင်းတို့လိုပဲ ပျော်ရွှင်ကြရမှာ" တဲ့။

သူ့စကားသံကြားတော့ ကိုယ့်မနာလိုမှုများ လုံးလုံးပါးသွားခဲ့ရသည်။ ကိုယ်လည်း သူတို့ကို ပျော်စေချင်မိပါသည်။

ခမာမြေပေါ်မှာ ပွားခဲ့သည့် ကိုယ့်စာနာမှုများ။

❑

၆။

ဘယ်အရာတွေကများ ကိုယ့်မျိုးနွယ်တူချင်းကို လူမဆန်သည့် ရက်စက်မှု ကျူးလွန်စေရသည်လဲ။ ကိုယ့်အတွေးကို စာတွေ ဖတ်ထားဖူးသည့် ကိုယ့်မှတ်ဉာဏ်က ချက်ချင်း အဖြေပြန်ပေးသည်။ ကိုယ့်နှုတ်မှ မသက်မသာ ရေရွတ်လိုက်မိသည်။

*"လူတွေကို အဓိပ္ပာယ်မရှိတာတွေ ယုံသွားအောင်လို့ လုပ်နိုင်တဲ့အခါ၊ အဲ့သည်လူတွေ လူမဆန်တဲ့ ရက်စက်မှုတွေ ကျူးလွန်အောင် ခင်ဗျားလုပ်လို့ရပြီ"*

*ဗော်လတဲ(၁၆၉၄-၁၇၇၈)*
*ပြင်သစ်တွေးခေါ်ရှင်*

*ရွှေအမြုတေမဂ္ဂဇင်း*
*အမှတ် ၃၆၄၊ မတ်လ၊ ၂၀၂၀ ပြည့်နှစ်။*

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# နှစ်ပတ်လည် အပိုင်းအစများ

၁၃ နှစ်ဆိုသည့်ကာလသည် လူသားတစ်ဦး အရွယ်ရောက်နိုင်သည့် ကာလအပိုင်းအခြား ဖြစ်နိုင်ပါသည်။ ပျော်ရွှင်ဖွယ်ရာအချိန်များကို ပိုင်ဆိုင်ထားသူအဖို့ တိုတောင်းလွန်းသည်ဟု ဆိုနိုင်သလို စိတ်ညစ်ညူးဖွယ် အချိန်များ ပိုင်ရှင်အချို့အတွက်မူ ကြာမြင့်လွန်းသည်ဟု ဆိုနိုင်ပြန်ပါသည်။ အချိန်ကာလ သတ်မှတ်ချက် ကြာမြင့်ခြင်း၊ ကုန်လွယ်ခြင်းသည် လူသားတို့ ပညတ်ချက်ဖြစ်ပြီး သူ့အချိန်တိုင်း သူ လည်ပတ်နေသည့် လောကသဘာဝနှင့် သိပ်မသက်ဆိုင်လှပါ။ လူသားတို့၏ အမှတ်တရ နေ့ရက်များစွာကို နှစ်အပိုင်းအခြားနှင့် သတ်မှတ်ကြပါသည်။ အထူးသဖြင့် အောင်မြင်မှု မှတ်တိုင်များကို ဘယ်နှစ်နှစ် စိုက်ထူနိုင်ပြီလဲဟု တိုင်းတာသည့်အခါများတွင် သုံးနှုန်း၍ ကောင်းပါသည်။ တစ်ခါတစ်ရံ အချိန်၊ နှစ်ကာလများ ကုန်ဆုံးလွန်မြောက်ခြင်းသည် စိတ်ခံစားမှုများကို ကုစားနိုင်သလို၊ နှမြောတသစရာ စိတ်ခံစားချက်ကိုလည်း ပေးစွမ်းနိုင်ပါသည်။ အချစ်ကြောင့် အချိန်များကို မေ့ထားနိုင်ပြီး အချိန်များကြောင့်ပင် အချစ်များကိုလည်း မေ့သွားနိုင်ကြပါသည်။ မည်သို့ပင်ဆိုစေ အချိန်ကာလ အပိုင်းအခြားသည် ကျွန်မတို့လူသားများ၏ စိတ်ခံစားချက်များနှင့် နှီးနွယ် ဆက်စပ်နေပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့ နှီးနွှယ်နေသည့် အချိန်ကာလများကြားတွင် ကျွန်မတို့၏ မင်္ဂလာသက် ၁၃ နှစ်မြောက်ခဲ့ပါပြီ။ နှစ်ပတ်လည်နေ့တွင် ကျွန်မတို့ ဖုန်းဖြင့် ပြောဖြစ်သည့် စကားများသည် အချင်းချင်း ကျေးဇူးတင်စကားများ ဖြစ်နေပါသည်။ ကျွန်မဘက်မှ ကုန်လွန်ခဲ့သည့် ၁၃ နှစ်တာကာလအတွင်း ကျွန်မ ဝါသနာပါရာ၊ ကျွန်မ လုပ်ချင်သည့်အရာများကို ကြည်ဖြူစွာ ခွင့်ပြုပေးခဲ့သည့် အတွက် သူ့အား ကျေးဇူးတင်ပါသည်။ သူ့ဘက်မှ ကျွန်မအား တုံ့ပြန်ကျေးဇူး စကားကတော့ဖြင့် သူ မလုပ်ချင်သည့်အရာများကို မလုပ်ခွင့် ပြုပေးထားခြင်း ဖြစ်ပါသည်။ အစိုးရအရာရှိတစ်ယောက်ဖြစ်သည့် သူ့အား လုပ်ပိုင်ခွင့်ရှိပြီး သူ မလုပ်ချင်သည့်အရာများကို ကျွန်မ ဘယ်တုန်းကမှ မတိုက်တွန်းခဲ့ဖူးပါ။ ထို့အတွက် မိသားစုနေထိုင်မှု အဆင့်အတန်းသည် အခြားအရာရှိကြီးများ မိသားစုနှင့် ယှဉ်သော် လွန်စွာ ကွာခြားလှပါသည်။ တူနှစ်ကိုယ်တိုင်းပြည် တည်ထောင်စ အချိန်ကာလများက မသိသာလှသော်လည်း သမီးလေး ပိုင် ဆိုင်လာပြီးချိန်မှာတော့ အနည်းငယ် သိသာပါသည်။ ပို၍ သိသာလာသည် မှာ သမီးလေး အရွယ်ရောက်လာချိန်တွင် ဖြစ်ပါသည်။

ထိုအချိန်သည် ကျွန်မတို့၏ ၁၃ နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် ကာလများတစ်ဝိုက်ဟု ဆိုရပါမည်။ ဖတ်ဖူးသည့် မင်္ဂလာနှစ်ပတ်လည်များ အကြောင်းကို သတိရနေမိပါသည်။ တစ်နှစ်မြောက် မင်္ဂလာသက်တမ်းကို စက္ကူနှစ်ပတ်လည်၊ နှစ်နှစ်မြောက်က ကြေးနှစ်ပတ်လည်၊ သုံးနှစ်မြောက်ကို ဝါးနှစ်ပတ်လည် စသည်ဖြင့် အားလုံးကို သေချာမမှတ်မိတော့သော်လည်း ဆယ်နှစ်မြောက် မင်္ဂလာသက်တမ်းနှင့် ပုလဲရတုကြားကို ကြွေပန်းကန် နှစ် ပတ်လည်ဟု ခေါ်ဝေါ်ကြောင်း မှတ်မိနေပါသည်။ တစ်နှစ်မြောက် စက္ကူနှစ် ပတ်လည်က ပါးလွယ်ပေါက်လွယ်ပြီး၊ ကြေးနှစ်ပတ်လည်အဖြစ် သတ်မှတ် ခံရသည့် နှစ်နှစ်မြောက်က အရေနည်းနည်း ထူလာပြီဟု ဆိုနိုင်ပါသည်။ သုံးနှစ်မြောက် ဝါးနှစ်ပတ်လည်က ပို၍စည်းလုံးလာပြီဟု ဆိုရမည်လား မသေချာသော်လည်း မင်္ဂလာသက်တမ်း ဆယ်နှစ်နှင့်အထက်သည် ကြွေပန်း ကန်ကဲ့သို့ ထိလွယ်၊ ကွဲလွယ်သည်ဟု ဆိုထားပါသည်။ စက္ကူနှစ်ပတ်လည် ကဲ့သို့ တစ်ဖန်ပြန် အထိအခိုက်မခံ ဖြစ်တတ်သည်ဟု အဓိပ္ပာယ် ဆက်ဖွင့်

mgyoe.com

mgyoe.com SAMPLE BOOK

ထားပါသေးသည်။

ထိုသို့ဆိုလျှင် ကျွန်မတို့နှစ်ဦး လက်ရှိရောက်ရှိနေချိန်သည် ကြွေပန်းကန်နှစ်ပတ်လည် ကာလများဟု ဆိုရပါမည်။ အထိအခိုက်လွယ်သည်လားဟု ပြန်စစ်ဆန်းကြည့်သော် သတိထားကိုင်ရမည့် အချိန်ကာလဖြစ်နေသည် ဆိုလျှင် ပိုမှန်ပါလိမ့်မည်။ နှစ်ဦးသား ပိုင်ဆိုင်ခဲ့ဖူးသည့်နေ့ရက်များသည် အပွန်းအပဲ့၊ အထိအရှ တော်တော်နည်းခဲ့သည်ကို ပြန်တွေးမိသောအခါ ရှေ့ဆက်လျှောက်လှမ်းရမည့် ကာလများအတွက်လည်း ထိုအတိုင်း ဆက်သွားလိုပါသည်။ လူသားနှစ်ဦး ပေါင်းစည်းမှုတွင် အတွေးမတူနိုင်ကြသော်လည်း အတူတွေးပေးနိုင်ခဲ့သည့်အတွက်တော့ ကျေနပ်ခဲ့ပါသည်။ ချစ်ခြင်းမေတ္တာကို အခြေခံခဲ့ကြသော်လည်း ဘဝနေထိုင်မှုပုံစံများကို ရွေးချယ်သတ်မှတ်သည့် အမြင်များကတော့ မတူနိုင်ပါ။ အမြင်မတူသော်လည်း အသွင်တူခဲ့ကြသည့်အတွက် ဘဝလက်တွဲဖော်ဖြစ်ခဲ့ပါပြီ။ တစ်ဦး၏အားသာချက်က ကျန်တစ်ဦး၏ အားနည်းချက်အား အပေါက်ဖြည့်ပေးနိုင်ခဲ့သည့်အတွက် နှစ်ဦးစလုံးတွင် အချိုးညီနေကြပါသည်။

သို့သော်လည်း နှစ်ဦးစလုံး၏ အားနည်းချက်များအတွက် အပေါက်ဖြည့်ရန် အဖြေရှာရသည့်အခါများတွင်တော့ အချိုးမညီနိုင်တော့ပါ။ ထိုသို့ အချိုးမညီမှုများတွင် ကျွန်မဘက်က ပိုမည်ထင်ပါသည်။ ရောင့်ရဲလွယ်လွန်းသော အိမ်ထောင်ဦးစီးတစ်ဦး၏ ဇနီးမယားအဖြစ် ရပ်တည်နိုင်ဖို့ ဆိုသည်မှာ ရေရှည်တွင် မလွယ်ကူလှပါ။ လိုအပ်ချက်များ လိုအပ်သည်ထက် ကျော်လွန်များပြားနေသောခေတ်ထဲတွင် လူတန်းစေ့ဆိုသည့် အဆင့်အတန်းတစ်ခုအတွက် မနည်း ရုန်းကန်ကြရပါသည်။ မြင့်မားသည့် လူနေမှုအဆင့်အတန်းကို မမှီမကမ်း ခြေဖျားထောက် ရပ်လိုသည် မဟုတ်သော်လည်း ကျွန်မရောက်ရှိနေသည့် အဆင့်အတန်း တစ်ခုတွင်တော့ ခြေနှစ်ဖက် စုံချ၍ မတ်မတ် ရပ်ကြည့်ချင်သူ ဖြစ်ပါသည်။ ကျွန်မကိုယ်တိုင် ရွေးချယ်ခဲ့သည့် အိမ်ထောင်ဖက်သည် လူသားပီသသည့်စိတ်ရှိပြီး သူနှင့်ပတ်သက်ဆက်နွယ်ရာသူများကို ကြင်ကြင်နာနာ ဆက်ဆံပေးတတ်သူဖြစ်ပါသည်။ ထို့ပြင် သူတတ်မြောက်ထားရာ ပညာပိုင်းဆိုင်ရာတွင်လည်း အရည်အချင်း ပြည့်ဝသူဟုပင်

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုနိုင်ပါသည်။ မိန်းကလေးတစ်ယောက်အတွက် အိမ်ထောင်ဖက်သည် ထိုနှစ်ချက်လောက်ရှိလျှင်ပင် ပြည့်စုံလုံလောက်သည်ဟု ကျွန်မ သတ်မှတ်ခဲ့ပါသည်။ ငွေကြေး ဥစ္စာပိုင်ဆိုင်မှုများသည် မတည်မြဲနိုင်သော်လည်း အသိပညာနှင့် အတတ်ပညာ ပိုင်ဆိုင်မှုများကတော့ တည်မြဲနိုင်သေးသည်ဟု လက်ခံထားပါသည်။

နှစ်ဦးစလုံး၏ တူညီရာ ဝါသနာပါမှုက စာဖတ်ခြင်း ဖြစ်နေသောကြောင့် နေ့စဉ်ပြောဆို ဆွေးနွေးရသည့်အကြောင်းအရာများတွင် သဘောထားကွဲလွဲမှု တော်တော်နည်းပါးခဲ့ပါသည်။ တစ်ဦး၏ ဆိုလိုရင်းကို ကျန်တစ်ဦးက လွယ်ကူစွာ နားလည်နေသည့်အတွက် ငြိမ်းချမ်းသော ပြဿနာဟု အမည်တပ်ရမည့် ကိစ္စအချို့သာ ရှိခဲ့ရပါသည်။ ရောင့်ရဲတတ်သော သူ့စိတ်နှင့် လောဘတကြီး မဟုတ်သည့် ကျွန်မ မနောတို့သည် အလွယ်တကူ ပေါင်းစည်းသွားပါသည်။ ထို့အပြင် အရာရာကို အကောင်းမြင်တတ်လွန်းသော သူ့သဘောနှင့် အကောင်းမြင်လွန်းခြင်း မဟုတ်သော်လည်း အဆိုးမမြင်တတ်သည့် ကျွန်မ စရိုက်တို့သည်လည်း ပဋိပက္ခ မရှိခဲ့ကြပါ။ သို့သော်လည်း ကိစ္စတိုင်းတွင် ပြဿနာ မရှိ၊ ပဋိပက္ခ မဟုတ်တိုင်း အောင်မြင်သည်ဟု မဆိုနိုင်ပါ။ ထို့အတူ အခြေအနေနှင့် အချိန်အခါသည် လူတစ်ဦး၏ လက်ခံ သတ်မှတ်ထားသည့် စံနှုန်းများကို ပြောင်းလဲသွားသည်လား ကျွန်မ ဆန်းစစ်ကြည့်မိနေတတ်ပါပြီ။

အိမ်ထောင်ဦး နေ့ရက်များဆီက လက်ဖွဲ့ရရှိလာသည့် တီဗွီစင်ကို ကြည့်ရင်း တီဗွီမရှိသေးသည့် ကျွန်မတို့အဖြစ်ကို သူက "တီဗွီမရှိလည်း မယ်လေး စင်ပေါ်တက်ထိုင်ရင် ကိုကြီးက ထိုင်ကြည့်မယ်၊ ပြီးရင် ကိုကြီးက တစ်လှည့်ထိုင်မယ် မယ်လေးက တစ်ခါပြန်ကြည့်ပေါ့" ဟု ဟာသနှောပြီး ပြောခဲ့သည့် သူ၏စကားများကို ပျော်ရွှင်ကြည်နူးဖူးခဲ့သော်လည်း သမီးလေး ရလာသည့်အခါတွင်တော့ သမီးလေးကို တီဗွီမရှိသည့် စင်ပေါ်တွင် ထိုင်ခိုင်းပြီး မကြည်နူးနိုင်သလို၊ ကျွန်မကလည်း စင်ပေါ်တက်ထိုင်ပြီး သမီးကို ကြည်ကြည်နူးနူး ပြန်ကြည့်ဖို့ဆိုသည်မှာ စိတ်ပင် ကူး၍ မရတော့သည့်အရာများ ဖြစ်သွားရပါသည်။ ဖယောင်းပုဆိုး မခင်းနိုင်သည့် တိုက်ခန်းတွင် သမံတလင်း

mgyoe.com

mgyoe.com SAMPLE BOOK

ကို ပြောင်လက်နေအောင် နှစ်ယောက်အတူ တိုက်ဖူးခဲ့သည်ကို ပျော်စရာကောင်းခဲ့သော်လည်း လေးဖက်ထောက်သွားနေသည့် သမီးလေးကို ဂုန်နီကော်ဇော ခင်းပေးနိုင်သည့် ကျွန်မ၏ ပျော်ရွှင်မှုများက ပိုနေခဲ့ပါသည်။ ထိုအရာများကို ကျွန်မကတော့ ဖော့ဖော့လေးတွေး၍ ဂုဏ်၊ ပကာသန ဟု အမည်မတပ်လိုပါ။

သူနှင့်ပတ်သက်ပြီး အစိုးရမှ တရားဝင်ပေးထားသော လစာမှအပ မည်သည့် မရိုးမသားသော ဝင်ငွေမှ မစားခဲ့ဖူးပါဟု ဂုဏ်ယူခဲ့ဖူးပါသည်။ အစိုးရအရာရှိကြီး စာရင်းဝင် သူ့ရာထူးနှင့် ထိုက်တန်သည့် မည်သည့် အခွင့်အရေးကိုမှ ယူမထားသည့် သူ့ကို မငြိုငြင်ခဲ့ဖူးသလို၊ တိုက်လည်း မတိုက်တွန်းခဲ့ဖူးပါ။ နိုင်ငံရေး အလှည့်အပြောင်းများကြား သူယူထားရသည့် တာဝန်ကို ကျေပွန်လွန်းသောကြောင့် သူ့အတတ်ပညာနှင့် တစ်ဖက်တစ်လမ်းမှ ရုံးလုပ်ငန်းနှင့် မသက်ဆိုင်သည့် အပြင်ဝင်ငွေ ရှာဖွေပေးခြင်းများ မသိမသာမှ သိသိသာသာ ရပ်ဆိုင်းသွားခဲ့ရပါသည်။ ကျွန်မတို့နိုင်ငံ၏ အစိုးရလခစားများ ရပ်တည်မှုက ရိုးရိုးသားသား ဆိုလျှင်ဖြင့် မိသားစုတစ်စုကို မည်သို့မှ လူတန်းစေ့ မထားနိုင်ပါ။ သူတတ်ထားသည့် အသိပညာဖြင့် တစ်ဖက်တစ်လမ်းမှ ငွေရှာပေးခဲ့သလို၊ ကျွန်မကလည်း တတ်ထားသည့် အတတ်ပညာဖြင့် အားကစား သင်တန်းဖွင့်ပြီး ရပ်တည်ခဲ့ကြပါသည်။ သူ၏ရာထူးသည် သမီး၏ ကျောင်းအပ်ဖောင်ဖြည့်လွှာတွင် ဂုဏ်မငယ်ရခြင်းတစ်ခုနှင့်ပင် ကျေနပ်ခဲ့ကြပါသည်။

သို့သော်လည်း အရာရှိတစ်ယောက်အတွက် တရားဝင်ဟု ပြောနိုင်သည်ထိ ရသင့်သည့် အခွင့်အရေးများ၊ အခြားအရာရှိများ လိုချင်မက်မောကြသည့် ပြည်ပသို့ စေလွှတ်ခြင်းခံရသည့်ကိစ္စများကိုပင် ငြင်းပယ်လာသည့်အခါ သူ့ကို ကျွန်မ နားမလည်နိုင်တော့ပါ။ ယှဉ်ပြိုင်စရာ မလိုသည့် အခွင့်အရေးများကို လက်လွှတ်ခဲ့သည့် သူ့အား ယှဉ်ပြိုင်ရမည့် ရာထူးတစ်ဆင့်တက်ရန်အတွက် ရှောင်ဖယ်ခြင်းများကိုတော့ ကျွန်မ မအံ့သြမိတော့ပါ။ သမီးလေး၏ ပညာသင်စရိတ်များ၊ ကျွန်မတို့၏ လူနေမှု အဆင့်အတန်းများကို တမင် တစ်ဆင့်မြှင့်ခဲ့သည် မဟုတ်သော်လည်း ဝင်ငွေများ ထပ်တိုး မလာ

mgyoe.com

mgyoe.com SAMPLE BOOK

ခြင်းကတော့ ကျွန်မ မတ်မတ်ရပ်ချင်နေသည့် အနေအထားမှ ယိမ်းယိုင်တော့ မလို ဖြစ်ခဲ့ရပါသည်။ ဒီနှစ်များအတွင်း ကျွန်မ ဝါသနာပါရာ စာပေနယ်ဘက်ကို ခြေစုံချ ရပ်ကြည့်မိပါသည်။ စာများရေးသားခြင်းအပြင် ဖိတ်ကြားလာသည့် စာပေပွဲများသွားလာခြင်း၊ ရေးဖော် စာပေမောင်နှမများနှင့် လက်ဖက်ရည်ဆိုင်များတွင် တစ်နေကုန်နီးပါး တစ်မေ့တစ်မော ထိုင်၍ စာပေအကြောင်းများ ဆွေးနွေးခြင်းကို ကျွန်မ ခုံမင်လာခဲ့ပါသည်။ ကျွန်မ ရေးသားသည့် ဝတ္ထုတို၊ ဆောင်းပါးများ ဖော်ပြခံရသည့် မဂ္ဂဇင်း အရေအတွက် မသိမသာ တိုးလာချိန်တွင် ကျွန်မ အားကစား သင်တန်းမှ သင်တန်းသူများ အရေအတွက် ကတော့ သိသိသာသာ လျော့ပါးသွားခဲ့ပါသည်။ လုပ်ဆောင်ချက်များအတိုင်း တန်ပြန်ရတတ်သည့် လောကသဘာဝကို ကျွန်မ မကျေမနပ် မဖြစ်မိပါ။

ကျွန်မ တစ်ဦးတည်းအနေဖြင့် ပြောရလျှင် ဝတ္ထုများ ဖော်ပြခံရသည့် မဂ္ဂဇင်း အရေအတွက် တိုးလာခြင်းကို သင်တန်းသူ အရေအတွက် တိုးလာခြင်းထက် ပိုပြီးကျေနပ်မိပါသည်။ ရေးဖော်များနှင့် အတူရှိနေသည့် အချိန်များကို သင်တန်းသူများအား သင်တန်းပြနေသည့် အချိန်ထက် ပိုမက်မောမိပါသည်။ သို့သော်လည်း ဝါသနာကြောင့် သီးပွင့်လာသည့် ပီတိကို ကျွန်မစားပြီး နေနိုင်သည့်တိုင် ကျွန်မ သမီးကိုတော့ ထိုပီတိများကျွေးပြီး မထားနိုင်ပြန်ပါ။ ဝါသနာပါရာ စာများ ရေးနေ၊ ဖတ်နေ သလောက်သာ ငွေဝင်သည်ဆိုလျှင် ဘယ်လောက်ကောင်းလိုက်မည်နည်း။ ထိုသို့ မဖြစ်နိုင်မှန်း သိနေသည့်အတွက် မတ်မတ်ရပ်နေရာမှ ယိုင်လာသည့်အချိန်တွင် လဲပြိုသွားသည်ထိ မဖြစ်အောင် ထိန်းမတ်ရန် လိုအပ်လာပြီဟု ကျွန်မ လက်ခံရပါသည်။ အရင်အချိန်များဆီက ကျွန်မ ဖတ်ချင်သည့်စာများကို ဖတ်နေရပြီး၊ ပိုင်ဆိုင်မှုနှင့် ပတ်သက်လျှင်မူ ကြင်နာတတ်သည့် ခင်ပွန်းနှင့် ချစ်စရာကောင်းသည့် သမီးလေးရှိလျှင် ဘဝသည် ပြီးပြည့်စုံပြီဟု ထင်ခဲ့မိပါသည်။ ပြောင်းလဲလာသည့် အခြေအနေများကြား ထိုက်သင့်သည့် လူနေမှုဘဝ လိုချင်လာသည်ကို ပေါ့ပေါ့လေး တွေးပြီး လောဘ ဟု အမည်မတပ်လို ပြန်ပါ။

ရုပ်ဝတ္ထုချမ်းသာမှုနှင့် စိတ်ပိုင်းဆိုင်ရာ ချမ်းသာမှုနှစ်ခုတွင် ကျွန်မ

mgyoe.com

mgyoe.com

သည် ယခုအချိန်ထိ စိတ်ပိုင်းဆိုင်ရာ ချမ်းသာမှုကိုသာ လိုချင်နေသူ ဖြစ်ပါသည်။ ဖတ်ခဲ့ဖူးသည့် ဆရာတော်တစ်ပါး၏ အဆိုများကိုလည်း သတိရနေမိပါသည်။

"ဘာအကြောင်းမှမရှိဘဲ စိတ်ချမ်းသာအောင် နေနိုင်ရင် အမြဲစိတ်ချမ်းသာမယ်၊ စိတ်ချမ်းသာဖို့ အကြောင်းပြချက်တွေများလေ၊ စိတ်ချမ်းသာဖို့ မလွယ်လေပဲ၊ စိတ်ချမ်းသာမှု အစစ်ဟာ အကြောင်းပြချက် မရှိဘူး။ စိတ်ချမ်းသာချင်တယ်ဆိုရင် ဘယ်လိုကိစ္စပေါ် မှာမှ မမှီပါနဲ့၊ ကိုယ်မှီထားတဲ့ အရာက လှုပ်ရင် ကိုယ်ပါ လှုပ်နေမယ်" ဟု ဆိုသည့် ဆုံးမစကားများအတိုင်း ငယ်ရွယ်စဉ်က လိုက်နာကျင့်သုံးနိုင်ခဲ့သော်လည်း ယခု လူလတ်ပိုင်းအရွယ်ရောက်လာသောအခါမှ မလိုက်နာတော့သည့်အဖြေကို သိနေသည့်အတွက် ကျွန်မ မရှာဖွေချင်တော့ပါ။ လူများသည် အသက်ကြီးလာသောအခါ ဖြူစင်မှုများ လျော့ပါးလာပြီး လောဘနှင့် အကြောက်တရားများသာ ကြီးထွားလာကြသည်ဟူသည့် အဆိုကိုသာ တိတ်တဆိတ် ထောက်ခံနေမိပါသည်။

ရသင့်သည့် အခွင့်အရေးများကို မယူ၊ ရာထူးဂုဏ်ရှိန်များကို မမက်မောဘဲ ဝန်ထမ်းကောင်းတစ်ယောက်သာ ဖြစ်လိုပါသည် ဆိုသည့် သူ့ဘက်မှာလည်း နားလည်ရန်ခက်ခဲသည့် နိုင်ငံရေး အလှည့်အပြောင်းများကြောင့် အလုပ်ခွင်တွင် မပျော်ပိုက်တော့ပါဟု ဆိုလာပါသည်။ ဝန်ထမ်းတစ်ယောက်အတွက် အကြီးမားဆုံး ဆုလာဘ်သည် ရာထူးတိုးခြင်း ဖြစ်ပါသည်။တစ်ဆင့်တက်၍ အပိုဆုဟု ဆိုရလျှင် ပြည်ပနိုင်ငံများသို့ စေလွှတ်ခံရခြင်းဖြစ်ပါသည်။ ထိုနှစ်ချက်လုံး မပြည့်စုံခဲ့လျှင်ပင် မိမိလုပ်နေသည့် အလုပ်ပေါ် တွင် ကျေနပ်ပျော်ရွှင်နေရပါမည်။ ဆုလာဘ်နှစ်မျိုးစလုံးကို ယူရမှာ ဝန်လေးနေပြီး နောက်ဆက်တွဲ လုပ်ငန်းခွင် ပျော်ပိုက်မှုပါ ပျောက်ဆုံးနေသည့် သူ့ကို အလုပ်ထွက်ပစ်ရန်မှတစ်ပါး အခြားသော အကြံ ကျွန်မ မပေးတတ်တော့ပါ။ ထို့အပြင် မိသားစု ခွဲခွာ နေထိုင်ရခြင်း ဆိုသည့်အချက်ကိုပါ ထည့်သွင်းလိုက်သော် ကျွန်မ အနေဖြင့် နှစ်ခါပြန်တောင် အလုပ်ထွက်ခိုင်းချင်စိတ် ပေါက်မိပါသည်။

လူစားထိုးရန် ခက်ခဲသည့် သူ့နေရာအတွက် လူစားရသည်ထိ စောင့်ဆိုင်းရန်ဟု အကြောင်းပြချက်ဖြင့် အလုပ်ထွက်ခွင့် တင်စာအား နှစ်ကြိမ်

mgyoe.com

mgyoe.com

တိုင်တိုင် အပယ်ခံရပါသည်။ သုံးကြိမ်မြောက်တွင် အလုပ်ထွက်ခွင့်ရရန် နီးစပ်လာပြီဟု မှန်းဆရပါသည်။ ထိုအခြေအနေတွင် သူ၏ အရည်အချင်းကို သိသော မိတ်ဆွေများက အန်ဂျီအိုလုပ်ငန်းအတွက် ကမ်းလှမ်းလာကြသလို၊ သံရုံးအချို့မှလည်း သူ့လိုလူအား အလိုရှိကြပါသည်။ ဝင်ငွေအားဖြင့် မက်မောစရာဖြစ်ပြီး ကိုယ့်အရည်အချင်းကိုလည်း အသုံးချခွင့်ရကာ ဘောင်ခတ်ထားခြင်း မရှိသည့် အလုပ်ခွင်တွင် သူ ဆောင်ရွက်ချင်လိမ့်မည်ဟု ကျွန်မ ထင်ခဲ့မိပါသည်။ သို့သော်လည်း မည်သည့်အဖွဲ့အစည်း၊ မည်သည့်လက်အောက်မှာမှ အလုပ်မလုပ်လိုတော့ဘဲ သူ ဝါသနာပါရာ ဘာသာစကား သင်ကြားခြင်းအလုပ်ဖြင့်သာ အသက်မွေးလိုသည်ဟု ဆိုလာပါသည်။ သူ၏ ငယ်စဉ်ဘဝက ဖြတ်သန်းခဲ့ရသည့် ခံစားချက်များအတိုင်း အခြားသူများ ခံစားရမည်စိုး၍ သင်တန်းလခကို မည်သည့်အခါကမှ သတ်မှတ်ခြင်း မရှိခဲ့ပါ။ သင်တန်းသားများဘက်မှ တတ်နိုင်သလောက်ပေးကြသည့် ငွေကြေးကိုသာ သင်တန်းလခအဖြစ် သတ်မှတ်တတ်သည့် သူ့တွင် တပည့်များစွာတော့ ရှိနေပါသည်။ ကျွန်မလိုပင် သူသည်လည်း ဝါသနာပါသည့် ဘာသာစကား သင်ကြားပေးတိုင်းသာ ဘဝရပ်တည်နိုင်သည့် ငွေဝင်လျှင် ဘယ်မျှကောင်းမည်နည်း။

စာရေး၊ စာဖတ်ခြင်း ပြီးလျှင် ကျွန်မ၏ ဒုတိယဝါသနာမှာ အားကစား သင်တန်းနည်းပြလုပ်ခြင်း ဖြစ်ပါသည်။ လက်ရှိရောက်နေသည့် ကျွန်မ၏ အနေအထားအရ ဒုတိယဝါသနာကို ဖိဖိစီးစီး ပြန်လုပ်ဖို့ လိုလာပါပြီ။ ယခင်လို လက်ထောက်သင်တန်းနည်းပြနှင့် ပစ်ထားခဲ့၍ မဖြစ်တော့ပါ။ ထိုအခါ မဖိတ်ကြားမီကပင် ကျွန်မ သွားလိုသည့် စာပေပွဲများ၊ ရေးဖော် မောင်နှမများနှင့် ပြင်းခုန်လိုသည့် စာပေအကြောင်းများ၊ ထိုအရာများကို ယခင်လို အချိန်ပေး၍ လုပ်နိုင်ပါတော့မည်လား။ ထိုသို့တွေးမိသောအခါ ဝမ်းနည်းသည်ထိ မဟုတ်သော်လည်း ကျွန်မ စိတ်မကောင်း ဖြစ်မိပါသည်။ မနက် ငါးနာရီခွဲမှ စတင်ကာ ည ၇ နာရီခွဲလောက်မှ ရပ်နားရသည့် သင်တန်းပြီးလျှင် ကျွန်မတွင် အားအင် အတော်ကုန်ခန်းနေပြီ ဖြစ်ပါသည်။ စာဖတ်၊ စာရေးခြင်း ဝါသနာသာ မပြင်းထန်ခဲ့ပါလျှင် ခြေပစ်လက်ပစ် အနားယူလိုက်ချင်ပါသည်။ ထို့

mgyoe.com

mgyoe.com SAMPLE BOOK

ကြောင့်ပင် လွန်ခဲ့သည့်နှစ်များအတွင်းက သင်တန်းချိန်များကို လျှော့ပစ်ခဲ့မိပါသည်။ ထိုအခါ မတ်မတ်ရပ်ချင်ပါသည် ဆိုသည့် ကျွန်မ၊ ယိုင်လဲတော့မလို ဖြစ်ရပါသည်။ ကျွန်မ၏ သတ်မှတ်ထားဖူးသည့် စံနှုန်းများ၊ ဝါသနာပါရာကိုသာ ဖောက်ချလုပ်လိုသည့် စိတ်ဓာတ်များ၊ ရရှိလာသည့် အနေအထားကို ကျေနပ်ရောင့်ရဲတတ်သည့် အတွေးများ ယိုင်နဲ့လာရသည်မှာ တာဝန်ကျေချင်သည့် ကျွန်မ၏စိတ်ကြောင့် ဖြစ်ပါလိမ့်မည်။

မိခင်တစ်ယောက်၏ တာဝန်ကို မည်သူကမှ မပေးဘဲ ကျွန်မဘာသာ ကျေကျေနပ်နပ် ခံယူခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်မ ယူထားမိသည့် တာဝန်ကို ကျေပွန်ချင်ပါသည်။ သမီးအတွက် ကျွန်မ လုပ်ပေးရမည့် တာဝန်များ ပြီးဆုံးသွားချိန်တွင် ကျွန်မ၏ စံနှုန်းများ၊ စိတ်ဓာတ်များ၊ အတွေးများသည် အိမ်ထောင်ဦး အစကဲ့သို့ ပြန်ရောက်သွားနိုင်ပါသည်။ အရာရာကို ရောင့်ရဲသည့်စိတ်ဖြင့် ပြန်မြင်နိုင်ပါလိမ့်မည်။ ထိုအခါ သူ့အပေါ်မြင်နေသည့် ကျွန်မ၏ အားမလို အားမရ စိတ်များလည်း လျှော့ပါးသွားနိုင်ပါသည်။ သို့သော် ထိုအချိန်ကာလသည် ကျွန်မတို့၏ ပတ္တမြားရတုလား၊ ငွေရတုလား၊ ရွှေရတုနှစ်ပတ်လည် ဖြစ်နေမည်လား။ သို့တည်း မဟုတ်. . .။

*ရွှေအမြုတေ မဂ္ဂဇင်း*

*မေလ၊ ၂၀၁၃ ခုနှစ်။*

♦♦♦

mgyoe.com SAMPLE BOOK

# အိမ်မက်သူ၏ အိပ်မက်တမ်းချင်း

၁။

ကျွန်မ ငယ်စဉ်ကလေးဘဝက အိပ်မက်များ မကြာခဏ မက်လေ့ရှိပါသည်။ မက်သည့်အိပ်မက်များသည် အပြင်ဘက်တွင် အမှန်တစ်ကယ် ဖြစ်လာလေ့ရှိသည်။ အိပ်မက် အားလုံးမဟုတ်သော်ငြား တော်တော်များများက နီးနီးစပ်စပ် မှန်လေ့ရှိသည်။ အိပ်မက်မက်ခြင်းဆိုသည်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်းကြောင့်ဖြစ်သည်ဟု ဆေးပညာအရ အဆိုရှိကြသည်။ လူတိုင်း အိပ်မက် မက်ဖူးကြမည်ထင်ပါသည်။ အိပ်မက်မှ နိုးထလာသည့်အခါ ပြန်မမှတ်မိတော့သည်များ ရှိသလို၊ အသေးစိတ် မှတ်မိနေခြင်းတို့လည်း ရှိတတ်သည်။ အိပ်မက်ကို ပြန်မှတ်မိအောင် စဉ်းစားပေးခြင်းသည် ဦးနှောက်မှတ်ဉာဏ်ကို ဖွံ့ဖြိုးစေသည်ဟု သုတေသနတစ်ခုတွင် ဖတ်ဖူးခဲ့သည်။ သို့သော်လည်း အိပ်မက်တို့သည် ပိုစဉ်းကြည့်မိမှ ပိုမေ့တတ်ကြောင်း လက်တွေ့တွင် သိရှိရပါသည်။ ငယ်စဉ်က ကျွန်မ အိပ်မက်များသည် အိမ်များကိုမက်ခြင်း ဖြစ်ပါသည်။ အစိုးရအရာရှိဖြစ်သည့် အဖေ တာဝန်ကျရာ နယ်မြို့လေးများကို တစ်မြို့ပြီး တစ်မြို့ ပြောင်းရွှေ့နေခဲ့ရဖူးသည်။ တစ်မြို့မှ အခြားတစ်မြို့သို့ ပြောင်းရွှေ့ရတော့မည်ဟု အမိန့်စာထွက်လာလျှင် ကျွန်မ အိပ်မက်

mgyoe.com

mgyoe.com SAMPLE BOOK

မက်တော့သည်။ ထိုမြို့လေးတွင်နေရမည့် ဝန်ထမ်းအိမ်ရာကိုမက်ခြင်း ဖြစ်ပါသည်။ ကျွန်မ မှတ်မိနေသည်မှာ ကျွန်မ ကိုးတန်းကျောင်းသူဘဝ ပြောင်းရွှေ့ရတုန်းက ဖြစ်သည်။ မှောင်မှောင်မည်းမည်း အိမ်ကုပ်ကုပ်လေးတစ်လုံးကို အိပ်မက်ထဲတွင် မြင်နေသည်။ ထိုအိမ်လေးရှေ့ဘက်တွင် ကြီးမားသည့် သစ်ပင်ကြီး တစ်ပင်ရှိသည်ဟု မြင်မက်သည်။ မနက်မိုးလင်းတော့ အိပ်မက်အကြောင်း အဖေ့အား ပြောပြမိသည်။ နောက်တစ်ပတ်အကြာတွင် အဖေသည် ထိုမြို့လေးသို့ အရင်သွားကြည့်ပြီး အိမ်သန့်ရှင်းရေး လုပ်ထားနှင့်ပါသည်။ ပြန်ရောက်လာသောအခါ တအံ့တသြဖြင့် ကျွန်မ ပြောပြသည့် အိမ်ပုံစံ၊ အပင်ကြီးတို့ရှိကြောင်း ပြောပါသည်။ ကျွန်မ ထိုမြို့လေးသို့ ရောက်သွားသည့်အချိန် တွင် အံ့သြသွားရသည်။ ကျွန်မ အမှန်တစ်ကယ် သည်အိမ်လေးကို အိပ်မက်မက်ခဲ့ခြင်း ဖြစ်သည်ပဲလေ။

ထိုအိမ်လေးမှာ နေထိုင်ပြီး တစ်နှစ်ခန့်အကြာတွင် ကျွန်မ အိမ်တစ်လုံးကို အိပ်မက် မက်ပြန်ပါသည်။ အဖေ့အလုပ်တာဝန် ပြောင်းရွှေ့မိန့် ထွက်မလာဘဲ မက်သည့် ထိုအိပ်မက်ကိုတော့ ဘယ်သူ့မှ မပြောပြဖြစ်ခဲ့ပါ။ အိပ်မက်ထဲတွင် ကျွန်မသည် နို့ဆီဗူးခွံလို အခန်းလေးတစ်ခုထဲတွင် ဝင်နေနေသည်။ လင်းထိန်နေသည့် ဝန်းကျင်တစ်ခုတွင် ရောက်နေပြီး သီးပင်စားပင်လေးများ စိမ်းစိမ်းစိုစိုကို စိုက်ပျိုးနေသည်ဟု မြင်မက်ပါသည်။ ကျွန်မ ဆယ်တန်းစာမေးပွဲကြီး ဖြေဆိုပြီးသည့်အချိန်တွင် အဖေသည် လက်ရှိအိမ်လေးကို ဖြိုချလိုက်ပြီး အိမ်အသစ်တစ်လုံး ဆောက်ပါတော့သည်။ အဖေသည် သည်အိမ်လေးကို စရောက်ကတည်းက အိမ်ပြန်ပြင်ဆင် ဆောက်ရန်အတွက် အထက်ရုံးသို့ စာတင်ခဲ့ခြင်းဖြစ်သည်။ အိမ်လေးသည် မှုန်ကုပ်လွန်းပြီး အိမ်ခေါင် အလယ်တည့်တည့်တွင် တောက်တဲ့ အာနီကြီးများ မိသားစုလိုက် ရှိနေပါသည်။ နေ့ဘက်တွင် အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီးသို့ ကူးသွားကြပြီး ညချမ်းချိန်ခါတွင် အိမ်လေးဆီသို့ ပြန်လာကြပါသည်။ အစားအသောက်၊ အိုးခွက်ပန်းကန်များပေါ် သို့ တောက်တဲ့ချေးများ မကြာခဏ ပြုတ်ကျလာတတ်ပါသည်။ ကျန်းမာရေးနှင့် မညီညွတ်သည့် သည်အိမ်လေးကို ပြင်ဆောက်ခွင့် အမိန့်နှင့် အတူ ဘတ်ဂျက်ငွေများကျလာခြင်းဖြစ်သည်။ အဖေတောင်းခံသည့် ဘတ်

mgyoe.com

mgyoe.com SAMPLE BOOK

ဂျက်ငွေနှင့် ပြန်ချပေးသည့် ငွေများက အလွန် ကွာနည်းနေသောအခါ အဖေ့စိတ်ကူးဖြင့် ဆွဲထားသည့် အိမ်ပုံစံလေး ဖြစ်မလာတော့ပါ။ အိမ်ပုံစံလေးထဲတွင် ဘုရားခန်းနှင့် ဧည့်ခန်းတွဲလျက်၊ အိပ်ခန်းသုံးခန်းနှင့် မီးဖိုဆောင်၊ ထမင်းစားခန်းတို့ ပါဝင်ပါသည်။ သစ်သားဝယ်ရန် ငွေကြေးမလုံလောက်သောအခါ သစ်အစားထိုးအနေဖြင့် ရုံးတွင် အရန်သင့် ရှိနေသော သွပ်ပြားဟောင်းတို့ကို အစားထိုး ဆောက်လုပ်ပါတော့သည်။ ထိုအခါ ကျွန်မအတွက် ရသည့် အိပ်ခန်းလေးသည် အိပ်မက်ထဲကလိုပင် သွပ်မိုး သွပ်ကာဖြင့် နို့ဆီဗူးလေးထဲတွင် ဝင်နေရသလို ဖြစ်နေတော့သည်။ တောက်တဲ့များ ရန်မှ ကင်းဝေးစေရန် အိမ်ရှေ့ရှိ အပင်ကြီးကိုလည်း ခုတ်လှဲပစ်လိုက်တော့သည်။ ထိုမြေကွက်လပ်နေရာလေးတွင် ငရုပ်၊ ချဉ်ပေါင်၊ ကင်ပွန်းချဉ်ပင်တို့ကို စိုက်ပျိုးလိုက်ပါသည်။ အလင်းရောင်ကောင်းစွာ ရရှိလာသည့် ဝန်းကျင်သည် ကျွန်မ အိပ်မက်ထဲမှလိုပင် လင်းလင်းကျင်းကျင်း ရှိလွန်းလှသည်။

ပထမနှစ် တက္ကသိုလ် တက်ရမည့် အချိန်တွင် နောက်တစ်မြို့သို့ ပြောင်းရွှေ့ရန် ပြောင်းရွှေ့မိန့် ကျလာပြန်ပါသည်။ ထိုမြို့ကလေးသည် ရေလမ်းခရီးတစ်ခုတည်းကိုသာ အားကိုးစရာရှိသည့် မြို့ဖြစ်သည်။ ပင်လယ်နှင့် ခုနစ်မိုင်သာ ကွာဝေးပြီ ထိုမြို့လေးတွင် ရေချိုတူး၍ မရနိုင်ပါ။ ထုံးစံအတိုင်း ကျွန်မ အိပ်မက် မက်ပြန်ပါသည်။ အိပ်မက်ထဲမှ အိမ်ကလေးသည် ဘာဖြစ်ဖြစ် နှစ်ခု နှစ်ခု ဖြစ်နေပါသည်။ မီးဖိုဆောင်နှစ်ခု၊ ဧည့်ခန်းနှစ်ခု တစ်ဖက်လျှင် အိပ်ခန်းနှစ်ခုနှင့် အိမ်သာသည်ပင် နှစ်လုံးဖြစ်နေသည်။ ထိုနှစ်ခု နှစ်ခုတို့ အလယ်တွင် တံခါးပေါက်လိုလို၊ လိုဏ်ခေါင်းလိုလို တစ်ခု ရှိနေပါသည်။ အိမ်အနီးနားတွင် ရေကန်အကြီးကြီး တစ်ကန်ရှိနေပြီး ကျွန်မတို့မိသားစုသည် ရေအိုးစင် သီးသန့်မထားကြဘဲ ရေခွက်များကို ကိုင်ကာ ထိုကန်ထဲမှ ရေကို သည်အတိုင်း ခပ်သောက်နေကြသည်။ သည်တစ်ခါ ကျွန်မ အိပ်မက် အဖေကို ပြောပြသောအခါတွင် စာရွက်တစ်ရွက်ပေါ် ပုံဆွဲပြီး ပြမိပါသည်။ ထိုမြို့လေးသို့ အဖေ အရင်ရောက်သွားသောအခါတွင် ဝန်ထမ်းအိမ်ရာများတွင် အရာရှိအတွက် အိမ်သီးသန့် မပါသဖြင့် အရင်နေထိုင်သူ အရာရှိမိသားစုက တွဲလျက်ဝန်ထမ်းအိမ် နှစ်အိမ်ကိုယူကာ မိသားစုများ မျှနေကြခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဖေက ထိုအိမ်လေးနှစ်လုံးကို အလယ်ဗဟိုခန်းမှ ဖောက်ကာ တစ်အိမ်တည်းသဖွယ် ပြုပြင်လိုက်ပါသည်။ သည်တစ်ခါတော့ အဖေသည် ကျွန်မ၏ အိပ်မက်ကို စိတ်ကူး လိုက်ဖော်ပေးလိုက်ခြင်း ဖြစ်ပါသည်။ ထိုမြို့လေးသို့ ကျွန်မ ရောက်ရှိသွားချိန်တွင် အိမ်ခြေရင်းဘက်၌ ရေကန်အကြီးကြီး တစ်ကန် အမှန်တစ်ကယ် ရှိနေပါသည်။ ရေချိုမရသည့် ထိုမြို့လေးတွင် မြို့သူမြို့သားများ အားလုံးက ကန်ရေသောက်နေခြင်း ဖြစ်သည်။ ထိုသို့ ပြောင်းရွှေ့ရတိုင်း မက်သည့် အိပ်မက်တို့သည် နီးစပ်လွန်းလှသဖြင့် မိသားစုဝင်များကပါ ကျွန်မ အိပ်မက်ကို အသိအမှတ် ပြုလာကြပါသည်။ ဆယ်ကျော်သက် ငယ်ဘဝ အိပ်မက်များသည် တစ်ကယ်ဖြစ်သည်ဟု တင်စားလျှင် ရနိုင်ပေသည်။

တစ်မြို့မှ တစ်မြို့သို့ ပြောင်းရွှေ့ရခါနီးတိုင်း ကျွန်မသည် လက်ရှိနေနေသည့် အိမ်လေးအတွင်း နေရာ အနှံ့အပြားကို လျှောက်သွားလေ့ ရှိသည်။ ပြတင်းပေါက်ဘောင်များကို လက်ဖြင့် ပွတ်သပ်ကြည့်ခြင်း၊ အိမ်အဝင်ခါးပန်းများကို လှမ်းရိုက် ထိကိုင်ခြင်းတို့ လုပ်တတ်သည်။ အိမ်လေးအတွင်း ကျွန်မ ခြေမချဖူးသည့်နေရာ၊ မထိမကိုင်ဖူးသည့်နေရာတို့ မကျန်ခဲ့ရလေအောင် လျှောက်လုပ်နေခြင်း ဖြစ်သည်။ ငယ်ရွယ်သေးသည့် မိန်းမငယ်တစ်ယောက်၏ အတွေးတို့ဖြစ်သော်လည်း ကျွန်မစိတ်ထဲတွင် အိမ်ဆိုသည့် အရာကို ခင်တွယ်နေမှန်း သတိထားမိခဲ့ပါသည်။ အိမ်ထဲတွင် နေရခြင်းကို ကျွန်မ စိတ်ကျေနပ်သည်၊ လုံခြုံနွေးထွေးသည်ဟု ခံစားမိနေသည်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်ရန် စောင့်ဆိုင်းနေရသည့် ကာလများတွင် အိမ်ထဲနေရသည့် အချိန်တို့ ပိုများခဲ့သည်။ ဝန်ထမ်းအိမ်ရာ ကြမ်းခင်းများသည် သစ်အည့်စားများ ခင်းထားသော်လည်း ကြမ်းပေါ်သို့ ဖယောင်း၊ ဒီဇယ်တို့ လောင်းချကာ အုန်းဆံခွံဖြင့် ပြောင်နေအောင်တိုက်သည်။ ကိုယ်တိုက်ထားသည့် ကြမ်းခင်းများကို ပြန်ကြည့်ရသည်မှာပင် အရသာရှိလှသည်။

အဖေသည် အခြားမြို့ရွာသို့ ပြောင်းရွှေ့ရတော့မည်ဆိုတိုင်း အရင်သွားကြည့်လေ့ရှိပြီး အရင်လူများနေသွားခဲ့သည့် ထိုအိမ်ကို သန့်ရှင်းရေးလုပ်ကာ ထုံးဖြူးထားပါသည်။ ကျွန်မတို့မိသားစု ရောက်ရှိသွားသည့် အချိန်တွင် နေရမည့်အိမ်လေးသည် အနံ့အသက်ကင်း သန့်ရှင်းနေပါသည်။ ထို့အတူ

mgyoe.com

mgyoe.com SAMPLE BOOK

ပင် ကျွန်မတို့ချန်ထားခဲ့ရမည့် အိမ်လေးကိုလည်း အဖေရော အမေပါ ဦးဆောင်ကာ ကျွန်မတို့မောင်နှမများကို သန့်ရှင်းရေး လုပ်စေခဲ့သည်။ အခန်းတိုင်းတွင် မီးချောင်း၊ မီးသီးများကို ချန်ထားခဲ့သည်။ ဝန်ထမ်းအများစု ပြောင်းရွှေ့သွားကြပြီဆိုလျှင် တစ်အိမ်လုံးကို အမှောင်ချခဲ့သလိုပင် မီးချောင်းမီးသီးများပါ ဖြုတ်ယူသွားလေ့ ရှိသည်။ မှတ်မှတ်ရရ ဖြစ်နေသည်မှာ ကျွန်မ လေးနှစ်တာ ကြမ်းတိုက်ခဲ့ဖူးသည့်အိမ်လေးမှ ပြောင်းရွှေ့စဉ်အခါက ကြမ်းခင်းများကို ပြောင်လက်နေအောင် တိုက်ပေးခဲ့မိခြင်း ဖြစ်သည်။ ကျွန်မ စိတ်ထဲတွင် ကျွန်မတို့ သည်လိုနေခဲ့ပါသည်ဟု နောက်လူများကို သိစေမြင်စေချင်နေမိသည်။ ဘာ့အတွက်ရယ်မှန်း သေချာမသိသော်လည်း အိမ်လေးကို ထားခဲ့ရမည်ကို အားနာနေမိခြင်းဖြစ်သည်။

❑

၂။

အိမ်ထောင်ကျပြီးပြန်တော့လည်း ဝန်ထမ်းအိမ်ရာတွင် နေရမည့် ကံဇာတာက ပါနေပြန်ပါသေးသည်။

နယ်မြို့မှ အမျိုးသားတာဝန်ကျရာ ရန်ကုန်မြို့သို့ ကျွန်မလည်း အလုပ်ပြောင်းရွှေ့ လိုက်ပါခဲ့ရသည်။ ဝန်ထမ်းအိမ်ရာ အခက်အခဲကြောင့် ချက်ချင်း နေထိုင်ခွင့် မရသေးခင် မိဘများရှိရာ နယ်မြို့တွင်သာ ကျွန်မ ကျန်နေခဲ့လိုက်ပါသည်။ သည်တစ်ခါ ကျွန်မ မက်သည့်အိမ်လေးသည် အသစ်ကျပ်ချွတ် ဖြစ်နေပါသည်။ အိပ်မက်ထဲတွင် သစ်သားအသစ်နံ့နှင့် ဆေးသုတ်ထားသည့် အနံ့တို့ကိုပင် ရနေသယောင်ယောင်။ အမျိုးသားက အိမ်ခန်းရပြီဟု ပြောလာချိန်တွင်တော့ ကျွန်မတို့ရသည့် အိမ်လေးသည် အတော်ပင် ဟောင်းနွမ်းနွမ်းလေး ဖြစ်နေသည်။ သစ်သားအသစ်နံ့ မဆိုထားနှင့် ခြစားနေသည့် တံခါးချပ်တို့ပင် ရှိနေပြီ။ သည်တစ်ခါ အိပ်မက်သည်တော့ တက်တက်စင်လွဲပါလေပြီ။ ပြောင်းရွှေ့လာသည့်အချိန်တွင် ယခင်နေထိုင်နေသူများက နယ်သို့ ပြောင်းရန် ခက်ခဲနေသေးသဖြင့် ခေတ္တ ဆက်နေခွင့်ပြုရန် တောင်းပန်လာပါသည်။ အိမ်ထောင်ပရိဘောဂများကို နယ်တွင် ထားခဲ့သေးသဖြင့် နှစ်ကိုယ်စာအတွက်တော့ အမျိုးသားနေထိုင်ဖူးရာ လူပျိုဆောင်လေးတွင် ကပ်

mgyoe.com

mgyoe.com SAMPLE BOOK

ကပ်သပ်သပ် နေကြရသည်။ ထိုသို့ဖြင့် သုံးလေးလပင် ကြာသွားခဲ့ရသည်။ မထင်မှတ်ထားပါဘဲ ကျွန်မ အိပ်မက်လေးက အကောင်အထည်ပေါ် မှန်လာဖို့ အကြောင်းဖန်လာပြန်ပါသည်။ လက်ရှိနေထိုင်ရာ ဝန်ထမ်းအိမ်ရာဝင်းကြီးတစ်ခုလုံးကို ထောက်လှမ်းရေးတပ်သို့ လွှဲပြောင်းပေးလိုက်တော့မည်ဖြစ်ပြီး ကျွန်မတို့ဝန်ထမ်းများသည် မြို့ပြင်ဘက်ရှိ ဒညင်းကုန်းအိမ်ရာသို့ ပြောင်းရွှေ့ကြရမည်ဖြစ်သည်။ ဆောက်လက်စတိုက်ခန်းများ အပြီးမသတ်သေးသဖြင့် အချိန်အတော်ကြာကြာ စောင့်ဆိုင်းနေလိုက်ရသည်။ ထိုအခါ ကျွန်မတို့အတွက် ရထားသည့် ဝန်ထမ်းအိမ်လေးပေါ်သို့ မတက်တော့ဘဲ တိုက်ခန်းအသစ်ဆီသို့သာ ပြောင်းရွှေ့ နေထိုင်ဖြစ်သွားတော့သည်။

ကျွန်မတို့ နေထိုင်ခွင့်ရသည့် တိုက်ခန်းလေးအတွင်းသို့ ဝင်လိုက်သည့်အခါ သစ်သားတံခါးဆီမှ အသစ်နံ့များ၊ နံရံဆီမှ ဆေးနံ့တို့က အိပ်မက်လေးထဲက အတိုင်းပင်။ အိမ်ထောင်ပရိဘောဂများ နေရာချခြင်းနှင့် အိမ်အပြင်အဆင်တို့ကို ကျွန်မ စိတ်တိုင်းကျလုပ်နေမိသည်။ ကျွန်မဘဝတွင် ပထမဆုံးအိမ်လေးကို စီမံခွင့်ရခြင်းပင် ဖြစ်သည်။ ရိုးရှင်းသည့်ဧည့်ခန်းအပြင်အဆင်၊ ကြည်ညိုသပ္ပာယ်ဖွယ် ဘုရားစင်နှင့် တင့်တယ်သည့် စာအုပ်စင်များ အစီအရီ။ ကျွန်မ စီမံပြင်ဆင်ထားသည့် အိမ်လေးကို တစ်နေ့လျှင် နှစ်ခါလောက် အနည်းဆုံး လိုက်ကြည့်နေမိသည်။ နေ့ခင်းဘက် မြင်ရသည့်အမြင်နှင့် ညဘက် မြင်ရသည့်အမြင် ဘယ်လို ကွာခြားသည်ကိုလည်း ကြည့်မိသည်။ ညဘက် တစ်ရေးနိုး အမှောင်ထုထဲတွင် မြင်ရသည့် အိမ်လေး၏ မြင်ကွင်းသည် စွဲဆောင်မှုတစ်မျိုး ရှိသည်ဟု ကျွန်မ ထင်ပါသည်။ သို့အတွက်ကြောင့် ကျွန်မ မကြာ မကြာ ကြည့်မိပါသည်။ ထိုသို့ဖြင့် သည်အိမ်လေးကို ပုံစံတစ်မျိုးပြောင်းဖို့ ဖြစ်လာရသည်။ ဝန်ထမ်းဘဝမှ ကျွန်မ အလုပ်ထွက်လိုက်ပြီး ကိုယ်ကျွမ်းကျင်ရာ အားကစားသင်တန်းလေးကို သည်အိမ်လေးမှာပင် ဖွင့်လိုက်သည်။ အနည်းငယ် ကျယ်ဝန်းသဖြင့် ပရိဘောဂအချို့ကို ဖယ်ရှားလိုက်ရုံဖြင့် အားကစားခန်းမအဖြစ် အသွင်ပြောင်းသွားတော့သည်။တစ်နိုင်တစ်ပိုင် အားကစားသင်တန်းလေးက ကျွန်မအတွက်တော့ ဝန်ထမ်းလစာထက် အဆင်ပြေနေပါသည်။ လူနေမှု အဆင့်အတန်းတစ်ခုက သည်အိမ်လေး

mgyoe.com

mgyoe.com SAMPLE BOOK

မှ အနည်းငယ် မြင့်တက်လာခဲ့သည်။ သည်အိမ်လေးမှာ အားကစားသင်တန်း ဖွင့်သည်။ သည်အိမ်လေးထဲမှာ စာတွေ အများကြီး ရေးဖြစ်ခဲ့သည်။ သည် အိမ်လေးထဲမှာ လူငယ်များနှင့် စာဖတ်ဝိုင်းလေး လုပ်ဖြစ်ခဲ့သည်။ သည်အိမ် လေးမှာပင် စာပေဝပ်ရှော့ပွဲငယ်များ ကျင်းပခဲ့ဖူးသည်။ သည်အိမ်လေးမှာ နေထိုင်စဉ် သမီးလေးက ကျွန်မ ဘဝထဲ ရောက်လာခဲ့သည်။ သည်အိမ်လေး နှင့် ကျွန်မ အတော် အသားကျနေခဲ့ပြီ။

ကျွန်မသည် ခရီးသွားခြင်းကို အလွန်နှစ်သက်တတ်သော်လည်း အချိန်တန်လျှင် ကျွန်မအတွက် နေခွင့်ရသည့် အိမ်သို့သာ ပြန်ချင်သည်။ ခရီးသွားခြင်းသည် ကျွန်မအတွက် ပျော်ရွှင်ခြင်းနှင့် ဗဟုသုတ ဖြစ်ခြင်းကို ပေးနိုင်သော်လည်း အနားရမှုကိုတော့ မပေးနိုင်ပါ။ အိမ်လေးကတော့ ကျွန်မ အတွက် အမြဲတမ်း အနားယူစရာ၊ အေးချမ်းရာ ဖြစ်နေပါသည်။ ပါဝင်ပတ် သက်မိသည့် အဖွဲ့အစည်းများနှင့် ပြည်ပခရီးစဉ်များ သွားခွင့်ကြုံလာသည်။ ပြည်ပတွင် သင်တန်းများ တက်ရောက်ခွင့် ရလာခဲ့သည်။ ပြည်ပ သွားရောက် ခွင့်ရခြင်းကို ကျေနပ်သော်လည်း ကျွန်မသည် မြန်မာပြည်ကိုသာ မြန်မြန် ပြန်ချင်နေတတ်သည်။ သေချာ စဉ်းစားကြည့်မိသောအခါ အိမ်လေးကို လွမ်း နေခြင်း ဖြစ်သည်။ လေဆိပ်မှ အိမ်ပြန်ရောက်သည်နှင့် ဘာရယ်မဟုတ်ဘဲ အိမ်လေးအတွင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။ လူတစ် ယောက်ကို လွမ်းသလိုမျိုးပင် အလွမ်းဖြေနေမိတတ်သည်။ သည်အိမ်လေး တွင် နေထိုင်ခဲ့သည်မှာ ငါးနှစ်ခန့် ကြာသောအခါ အိမ်လေး၏ ဆေးရောင် အချို့ ပြယ်လွင့်ပြီ၊ သစ်သား တံခါးတို့ အစားထိုးဖို့ လိုအပ်လာသည်။ နေထိုင် ခဲ့သည့် ငါးနှစ်အတွင်း ပြတင်းတံခါးများတွင် သံတိုင်များ တပ်ဆင်ခဲ့သည်၊ အိမ်ရှေ့ ဝရန်တာလေးကို အမိုး မိုးထားပေးသည်။ မီးဖိုဆောင်လေးအတွင်း ကြွေခုံများ ဖြည့်စွက်ပေးထားသည်။ ကိုယ်ပိုင်အိမ် မဟုတ်ပါဘဲ သည်လို ပြင်ဆင်ထားခြင်းအပေါ် လူအများကအပြစ်ဆိုကြသည်။ ယခုလည်း အိမ်လေး ၏နံရံကို ဆေးသုတ်ချင်နေမိသည်။ ကျွန်မ နေနေလျှင် ကျွန်မ အိမ်ဖြစ်သည် ဟု သဘောပိုက်ကာ တစ်အိမ်လုံးကို ဆေးရောင်အသစ် ခြယ်သလိုက်တော့ သည်။ အဝတ်အစား အသစ်လေးနှင့် လှနေသည့် မိန်းမငယ်လေးသဖွယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သန့်ရှင်းတောက်ပြောင်သွားသည့် အိမ်လေးက ကျွန်မကို ပိုခင်တွယ်စေပြန်ပါသည်။

တစ်နှစ်ခန့် ကြာသော် နာဂစ်မုန်တိုင်းဒဏ်ကို ခံလိုက်ရသည့် အိမ်လေးက အသစ်သုတ်ထားသည့် ဆေးများရော မျက်နှာကြက်များကိုပါ ဖျက်ဆီးပစ်လိုက်တော့သည်။ ရှိစု မဲ့စုများဖြင့် အိမ်လေးကို ပြန်ကယ်တင်ရပြန်သည်။ ငယ်ဘဝအိပ်မက်တို့လို အိမ်များအကြောင်း ကျွန်မ မမက်တော့သည်မှာ အတော်ကြာနေပြီ ဖြစ်သည်။ အိမ်လေးနှင့် ကျွန်မ ဆယ်နှစ်ကြာလောက် ပေါင်းသင်းပြီးသောအခါ ခွဲရဖို့ဖြစ်လာခဲ့သည်။ အမျိုးသားက အရာထမ်းအလုပ်ကို မလုပ်တော့ဟုဆိုကာ မပြောမဆိုပင် အလုပ်မှ ထွက်လိုက်တော့သည်။ သည်အိမ်လေးသည် ဌာနတွင် သူတာဝန်ထမ်းဆောင်နေသဖြင့် နေခွင့်ပေးထားခြင်းဖြစ်သည်။ ယခု အလုပ်က ထွက်လိုက်သော်လည်း အိမ်ပြောင်း၊ အိမ်ရှာချိန်ရရန် ခြောက်လ၊ တစ်နှစ်ခန့်တော့ ဆက်နေခွင့်ပေးထားမည်ဖြစ်သည်။ ကျွန်မ၏ သဘောသည် ထိုက်တန်မှ နေလိုပါသည်။ အမျိုးသားက အရာရှိအဖြစ် တာဝန်ထမ်းနေလျှင် သည်အိမ်လေးမှာ နေဖို့ထိုက်တန်သည်ဟု မှတ်ယူသည်။ တာဝန်မထမ်းတော့ဘဲ အရာထမ်း မဟုတ်တော့လျှင် ခြောက်လ မဆိုထားနှင့် ခြောက်ရက်တောင် မနေလိုသူပင်။ ရိုးဖြောင့်စွာ နေထိုင်ခဲ့သည့် အရာထမ်းဖြစ်သဖြင့် လက်ထဲတွင် ငွေကြေးတို့က အိမ်ဝယ်ဖို့အသာထား အိမ်ငှားခတို့ပင် အနိုင်နိုင်။ ကျွန်မသည် ငယ်ဘဝအိပ်မက်များကို ပြန်တမ်းတမိသည်၊ ပြန်မက်ချင်နေမိသည်။ တစ်နေရာရာတွင် ကျွန်မတို့ နေစရာ အိမ်လေးတစ်လုံး အရန်သင့် ရှိနေပြီး ထိုအိမ်လေးကို ကြိုတင်မြင်သည့် အိပ်မက်မျိုး မက်ချင်နေခြင်းဖြစ်သည်။ ခက်သည်က ကမ္ဘာမြေ ဘယ်နားတွင်မှာမှ ဝန်ထမ်းအိမ်များလို ကျွန်မတို့အတွက် နေဖို့အဆင်သင့် ရှိမနေခြင်းပင်။ ထိုအခါ ကျွန်မ အိပ်မက်တို့သည် သစ္စာရှိစွာဖြင့် မရှိခြင်းအရာတွေအတွက် မက်မပေးတော့ပါချေ။

❑

၃။

အိပ်မက်တို့မှ လက်တွေ့ဘဝသို့ ပြောင်းလဲလာရသည့်အခါ အခက်

mgyoe.com

mgyoe.com SAMPLE BOOK

အခဲတို့က များစွာပင်။ သည်အိမ်လေးကို ခင်တွယ်လှသော်လည်း နေခွင့်က မရတော့ပြီမို့ စွန့်ခွာနိုင်ရန် ကြိုးစားရတော့မည်။ လူနေအိမ်ရော၊ အားကစား သင်တန်းအတွက်ပါ နှစ်နေရာစာ စဉ်းစားရပြီ။ အိမ်ငှားဖို့ နေ့တိုင်း ရှာထွက်ရ သည်၊ နေရာနှင့် အခန်းပုံစံ စိတ်တိုင်းကျလျှင် ငှာရမ်းခ ဈေးတို့က ကိုယ် မနိုင်သည့်နှုန်း၊ ကိုယ်နိုင်သလောက် နှုန်းဖြစ်နေလျှင် နေရာနှင့် အခန်းဖွဲ့စည်းပုံ မကြိုက်ပြန်ပါ။ မည်သို့ပင်ဖြစ်စေ ကျွန်မသည် အိမ်တစ်လုံးကို တစ်နေရာရာ တွင် နေ့ဘက်၌ ကြည့်လာပြီးလျှင် ငှားဖြစ်သည်၊ မငှားဖြစ်သည် မသေချာသေး သော်လည်း ည အိပ်ရာထဲရောက်လျှင် ပစ္စည်းများကို စိတ်ကူးဖြင့် နေရာချထား ကြည့်သည်။ စိတ်ကူးဖြင့် အိမ်ထောင်ပရိဘောဂတို့ကို လိုတိုး ပိုလျှော့ လုပ် ကြည့်နေမိသည်။ နောက်တစ်နေ့ နေ့ဘက်တွင် နောက်ထပ် အိမ်ခန်းတစ်ခန်း တွေ့လျှင် တစ်ခါစိတ်ကူးဖြင့် နေရာချကြည့် ပြန်ပါသည်။ ထိုသို့ဖြင့် နောက် ဆုံးတွင် အိမ်ခန်း နှစ်ခန်းကို ငှားလိုက်ရပါတော့သည်။ ပထမထပ်တွင် အားကစားသင်တန်းဖွင့်ပြီး၊ တစ်ထပ်ကျော် တတိယထပ်တွင် လူနေထိုင်ရန် ဖြစ်သည်။ အားကစားသင်တန်းကိုလည်း စက်ပစ္စည်းများ ထပ်ထည့်ကာ တိုးချဲ့ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ဆယ်နှစ်ကျော် နေထိုင်ခဲ့သော အိမ်ခန်း လေးမှ ပြောင်းရွှေ့ရချိန်တွင် ကျွန်မသည် ငယ်ဘဝတုန်းကလို နေရာအနှံ့ လျှောက်ပြီး ထိကိုင်ကြည့်ခြင်း၊ လမ်းလျှောက်ခြင်းမျိုး မလုပ်မိတော့ပါ။ အသစ် ပြောင်းရွှေ့ရမည့် အိမ်ခန်းနေရာအတွက်သာ စိတ်ကူးတို့က စောနေမိသည်။ ပြင်ဆင်ထည့်ထားသည့် ပြတင်းသံတိုင်များ၊ ကြွေခုံများ၊ ဝရန်တာ အမိုးများကို တော့ သည်အတိုင်းလေး ထားပေးခဲ့လိုက်သည်။ အိမ်သန့်ရှင်းရေး လုပ်ပေး ခဲ့ကာ မီးချောင်းများကို အခန်းတိုင်း တပ်ဆင်ထားသည့်အတိုင်း ရှိစေခဲ့သည်။

နေရာသစ် တိုက်ခန်းလေးတွင် လုပ်စရာ အလုပ်တို့က ပိုမိုများပြား လာသည်။ မနက် ၆ နာရီ သင်တန်းစသဖြင့် ခြောက်နာရီမတ်တင်း ဆိုလျှင် သင်တန်းခန်းတွင်းသို့ ရောက်နေရပြီ။ နေ့လယ်နေ့ခင်း ခဏသာ တတိယထပ် အိမ်ပေါ်သို့ တက်နိုင်သည်။ ည ၈ နာရီခွဲလောက်မှ သင်တန်းချိန်ပြီး သဖြင့် ညမိုးချုပ်မှ အိမ်ပေါ်ပြန်ရောက်နိုင်သည်။ သည်အိမ်ခန်းလေးတွင် ရောက်ရှိနေ သည်မှာ သုံးနှစ်နီးပါး ဖြစ်နေသော်လည်း ကျွန်မ မထိမကိုင်ဖူးသည့်နေရာက

mgyoe.com

mgyoe.com

ခပ်များများ၊ လမ်းလျှောက်ဖူးသည့် နေရာသည်လည်း နေ့စဉ် ဖြတ်လျှောက်နေသည့် နေရာအချို့သာ။ သည်အိမ်ခန်းလေးကို ငှားထားသော်လည်း သူနှင့်နေရသည့်အချိန်က အတော်နည်းပါးလွန်းသည်။ လူမှုရေး၊ စာပေရေးရာတို့ဖြင့် သင်တန်းပိတ်ရက်တွင်ပင် အိမ်ခန်းလေးထဲ မနေဖြစ်တော့။ မိသားစုဝင်များသည်လည်း မနက်လင်းသည်နှင့် အိမ်လေးဆီမှ အလျှိုလျှိုထွက်ခွာကြရသည်။ ကျွန်မ. . . အိမ် ဆိုသည်ကို မခင်တွယ်တတ်တော့ပြီပဲ။ ယခင်လို တစ်ရေးနိုး ထကြည့်ဖို့ ဝေးစွ၊ မျက်စိရှေ့ ဖြတ်လျှောက်သွားရင်းပင် သတိမထားမိတော့။ ဝန်ထမ်းအိမ်ရာသည် ကိုယ်ပိုင်မဟုတ်ခဲ့သလို၊ ယခု အိမ်ငှားသည်လည်း အပိုင်မဟုတ်ပါ။ အပိုင် မဟုတ်သည်ချင်း တူသော်လည်း အိမ်တွေပေါ်ထားသည့် ကျွန်မ သဘောထား ဘာ့ကြောင့် ပြောင်းသွားသည် မသိ။တိုက်ခန်းငှားခတို့သည် တစ်နှစ်တစ်ခါ ခုန်ခုန်တက်နေတတ်သည်။ သင်တန်းသူ အဝင်များလျှင်ပင် ကြားဖြတ်တက်ချင်နေသေးသည်။ အခကြေးငွေဖြင့် ငှားရမ်းနေထိုင်သည်ဆိုသော်လည်း အိမ်ရှင့်အလိုကျ၊ သူ့တို့မျက်နှာ ကြည့်ကာ နေရသည်။ အားကစား သင်တန်းမှ ဆူညံသံတို့ကို မခံနိုင်ဟု ဆိုလျှင်လည်း အသံမပြည်စေရန် ဆောင်ရွက်ပေးရသည်။ စိတ်အခန့်မသင့်လျှင် မငှားရမ်းတော့ပါဟု ခြိမ်းခြောက်တတ်သေးသည်။ များပြားလှသည့် အားကစားပစ္စည်းများဖြင့် ရုတ်တရက် ဘယ်နေရာပြေးရမှန်း မစီစဉ်နိုင်သည့်အခါ ခြိမ်းခြောက်မှုတို့ကို စိုးကြောက်ရသည်။

ကျွန်မ မက်ခဲ့သည့် အိပ်မက်၊ စိတ်ကူးခဲ့သည့် အိမ်များထဲတွင် ကိုယ်ပိုင်အိမ်တော့ မပါဝင်ခဲ့ဖူးပါ။ အိမ်များကို ခင်တွယ်တတ်သော်လည်း ဘယ်တုန်းကမှ ကိုယ်ပိုင်အိမ်အကြောင်း စိတ်ကူးမယဉ်ကြည့်ခဲ့ဖူးပါ။ အိမ်ရှင်အမျိုးသမီး၏ မကြာခဏ စိတ်ဒုက္ခပေးမှုများ ခံလာရသည့်အခါ ကိုယ်ပိုင်အခန်းလေးဖြစ်ရင် ဟူသည့် အတွေးတို့ မရဲတရဲ ပေါ်လာမိရသည်။ ကုသိုလ်ကံအလှည့်အပြောင်း ကောင်းလှစွာ ကိုယ်ပိုင်အိမ်ဆိုသည့် ဝေါဟာရတို့သည် ကျွန်မနှင့် နီးစပ်လာခဲ့သည်။ အရစ်ကျ ငွေချေ စနစ်ဖြစ်ပြီး ထိုအရစ်ကျကိုပင် ချေးငှားမည့်သူ ရှိနေသည့်အခါ ကျွန်မ မရဲတရဲ စိတ်တို့ကို ရဲရဲဝံ့ဝံ့ဆုံးဖြတ်လိုက်မိတော့သည်။ ထိုမြေနေရာ ပန္နက်ချကတည်းက ကျွန်မ မကြာ

mgyoe.com

ခဏာ သွားကြည့်နေမိသည်။ ဘာပုံစံမှ မပေါ်သေးဘဲ သည်နေရာလေးသည် ကိုယ့်အခန်းဖြစ်မည့်နေရာလေးဟု မှန်းကာ မြေပြင်ကို စိတ်ကူးပုံဖော် ကြည့်မိသည်။ တစ်လွှာပြီးသွားလျှင် အရစ်ကျငွေကြေး တစ်ခါပေးသွင်းရမည် ဖြစ်သည့်အတွက် စိတ်ပူမိသော်လည်း အိမ်ခန်းလေး ပြီးခါနီးပြီဆိုသည့် စိတ်တို့က ကြည်လင် လန်းဆန်းနေသည်။ ငါးရိုးများ တက်လာနေသည့် တိုက်ခန်းအကြမ်းထည်လေး ပုံပေါ်လာနေပြီ။ ကိုယ် ဝယ်ယူထားသည့် အိမ်ခန်းလေးကြမ်းခင်းလွှာ အကြမ်းထည်ပေါ် ခြေချကြည့်မိသည့်နေ့က အိပ်မက်လို ခံစားနေရသည်။ ပေးသွင်းရန် ကျန်နေသေးသည့် အရစ်ကျ ငွေကြေးများအတွက် ဆက်လက်ပေးသွင်းနိုင်ပါမည်လားဟု ကိုယ့်ဘာသာ မကြာခဏ မေးနေမိသည်။ မပေးသွင်းနိုင်တော့လျှင် သည်အိမ်ခန်းလေးကို ကျွန်မ ပိုင်ခွင့် မရနိုင်တော့။ လက်လွှဲရောင်းချကာ ကျန်ငွေများကို ပေးသွင်းရတော့မည်။

မပြီးသေးသည့် အိမ်ခန်းလေးကို ကျွန်မ အခန်းဟု သုံးနှုန်းနိုင်ပါသည်။ သို့သော်လည်း ကျွန်မ တစ်ကယ် ပိုင်ဆိုင်ခွင့် ရနိုင် မရနိုင်ကတော့ မသေချာသေးသည့်အရာ။ ယခု ကျွန်မသည် အိပ်မက် မက်ချင်နေမိသည်။ ငယ်ဘဝအိပ်မက်များနှင့် ပြောင်းပြန်ဖြစ်နေမည်လား မသိ။ အပြင်တွင် ကျွန်မ မြင်ဖူးထားသည့် အိမ်ခန်းလေးကို အိပ်မက်ထဲတွင် ပိုင်ဆိုင်ခွင့်ရနေသည်ဟူသည့် အိပ်မက်မျိုး ဖြစ်ပါသည်။ မနေ့ညကအထိတော့ ထိုအိပ်မက်မျိုး မမက်သေးပေ။

*အောင်ပင်လယ် မဂ္ဂဇင်း*

*အတွဲ ဂ၊ အမှတ် ၅၀၊ နိုဝင်ဘာလ၊ ၂၀၁၅ ခုနှစ်။*

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အချစ်ငိုကာ

*"ချစ်ကမ္ဘာကြီး အစကဆို မနုဿအဖြစ်ကိုxxx ရှာကြံတွေးဆမြဲ အာဒံဧဝအတွဲ ပုံပြင်ဆိုxxx ရှေးပုံပြ တွေ့ဆုံကြ ချစ်စ ဒီလိုxxx ဒဏ္ဍာရီလား ပုံပြင်လေလား ရှေးကလူကြီးသူမ ဆိုxxx ဖြဟ္မာကြီးတွေရဲ့အလိုxxx ထိုမှ ပေါက်ဖွားလာသော ယောကျ်ား ပလိန်း မိန်းမ အနတ္တဆိုxxx အချစ်နဲ့စသော ကမ္ဘာကြီးကို လှစ်ဖွဲ့ပြကာ သာတစ်နည်းဆိုxxx ချစ်ခဲ့ကြရာမှလည်း ကိုယ့် အသဲ မြင့်မိုရ်လိုxxx"*

ကိုယ်ငယ်စဉ်က အဖေဆိုဆိုနေသည့် ဒီသီချင်းလေးကို သည်ရက် ထဲတွင် ကိုယ်လည်း ဆိုညည်းနေမိသည်။ အချစ်နှင့် စခဲ့သည့် ကမ္ဘာကြီးဟု ဆိုကြသည်။ အချစ် ဆိုသည်ထက် ချစ်ခြင်းမေတ္တာဟု ဆိုလျှင် ပိုပြည့်စုံလိမ့် မည် ထင်သည်။ ချစ်ခြင်းမေတ္တာနှင့် ကင်းကွာပြီး နေလို့ရသည့်သူ မရှိသေး။ အချစ်ဆိုသည်ကမှ အခြေနေ၊ ချိန်ခါတို့အရ ပြောင်းလဲ၊ ရိုးအီ သွားနိုင်သေး သော်လည်း မေတ္တာကတော့ဖြင့် ဘယ်ခါမှ မပြောင်းမလဲ၊ ရိုးအီခြင်း မရှိ တတ်ဟု ထင်ပါသည်။ ကိုယ် ဆယ်ကျော်သက်အရွယ်က အချစ်ဆိုသည်ကို ခံစားတတ်သည်မှာ ရင်ခုန်ခြင်းသက်သက်သာ ဖြစ်သည်။ မြင်မြင်သမျှ ရင်ခုန် စရာ ဖြစ်နေတတ်ပြီး၊ ရင်ခုန်ရသူတို့ကလည်း မကြာခဏ ပြောင်းနေတတ်သေး

mgyoe.com